# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ်( ၁၃၂)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ထမ်းစမ်းလိုဏ်ဂူ၌ ဒေသခံပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

**အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ထံမှ (၇၃)ကြိမ်မြောက် မွန် အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**


စာ > ၃


**ငြိမ်းချမ်းရေး သစ်တောများ - ဒို့ ညီအစ်ကိုများ အတူတကွ တည်ထောင်ကြစို့လား**


စာ > ၆


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဟိုပုံးမြို့နယ်ရှိ ထမ်းစမ်းလိုဏ်ဂူတော်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များနှင့် ထမ်းစမ်းရွှေတိဂုံပုံတူစေတီတော်တို့အား သွားရောက်ဖူးမြော် ကြည်ညို

**တောင်ကြီး ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့အား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြရာ နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ထမ်းစမ်းလိုဏ်ဂူတော်အတွင်း သီတင်းသုံးလျက်ရှိသည့် ဟိုပုံးကိုရင်လေး ရှင်ပေါရိသအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ထမ်းစမ်းလိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှု လေ့လာပြီး


*စာမျက်နှာ ၄ ကော်လံ ၁* ●





မြန်မာ့အလင်း

# တန်းတူညီမျှရေးနှင့် ပင်လုံစိတ်ဓာတ် . . .

သူ့ကျွန်ဘဝက လွတ်မြောက်ပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော လွတ်လပ်သည့် မြန်မာနိုင်ငံတော်၏သမိုင်းတွင် ပင်လုံစာချုပ်က များစွာအရေးပါ၏။ သည့်ထက် နက်နက်ရှိုင်းရှိုင်း ကြည့်မြင်ပါလျှင် ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်တို့၏ ကျေးဇူးက ကြီးလှသည်ဟု ဆိုရပါမည်။

တောင်တန်းမြေပြန့် မခွဲခြား၊ တိုင်းရင်းသားလူမျိုးစုတိုင်း တန်းတူညီမျှ လွတ်မြောက်ကြစို့ဟူသည့် မျှော်မှန်းချက်ကို အမြင့်ဆုံးလွှင့်ထူကာ နိုင်ငံသားတို့၏ သွေးစည်းမှုညီညွတ်မှုကို ပင်လုံစာချုပ်ဖြင့် ဖော်ပြခဲ့သည်။

လွတ်လပ်သော မြန်မာနိုင်ငံသားတိုင်း တန်းတူညီမျှမှုရှိရေး၊ မှန်ကန်သော တရားဥပဒေ၏ စောင့်ရှောက်မှုအရိပ်အောက်တွင် မည်သည့်ခွဲခြားမှုမှ မရှိရေး၊ ဒီမိုကရေစီအခွင့်အရေး လူ့အခွင့်အရေးတို့ကို အားလုံးတူတူညီညီ ခံစားကြနိုင်ရေးသည် ညီညွတ်ရေးစိတ်ဓာတ် ပင်လုံစိတ်ဓာတ်၏ အခရာပင်ဖြစ်၏။

လူမျိုးစု မတူညီမှုကြောင့်ဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှု မတူညီမှုကြောင့်ဖြစ်စေ၊ ဆင်းရဲချမ်းသာကွဲပြားမှုကြောင့် ဖြစ်စေ၊ နေထိုင်သည့် နေရာဒေသ ပထဝီအနေအထား၊ သယံဇာတ အမျိုးမျိုးကြောင့်ဖြစ်စေ အစရှိသော မည်သည့်အကြောင်းအချက်မျိုးကြောင့်ဖြစ်စေ ခွဲခြားဆက်ဆံမှုမရှိရေးနှင့် တန်းတူညီမျှသည့် စီမံခန့်ခွဲအုပ်ချုပ်မှုဖြစ်ရေးသည် မြန်မာနိုင်ငံ၏ အမျိုးသားရေး မူဝါဒဖြစ်၏။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ချမှတ်ခဲ့သော အထက်တွင်ဆိုခဲ့သည့် အမျိုးသားရေးမူဝါဒသည် ယနေ့ထက်တိုင် ညှိနှိုင်းဆွေးနွေးအဖြေရှာဖြေရှင်းနေရသည့် ပြည်တွင်းပဋိပက္ခတို့၏ အရေးပါသောအစိတ်အပိုင်းအဖြစ်လည်း တည်ရှိနေဆဲဖြစ်ပါသည်။

လူတို့သည် မည်သည့်နေရာမျိုးတွင်မဆို ဦးစားပေးမခံရချင်နေ၊ တန်းတူညီမျှဆက်ဆံခြင်းကိုတော့ ရရှိလိုသည်သာဖြစ်၏။ ထိုတန်းတူညီမျှမှုဆိုသည်က နိုင်ငံသားတိုင်း၏ ကိုယ်ပိုင်အခွင့်အရေးလည်းဖြစ်၏။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးဟုဆိုလျှင် တန်းတူညီမျှမှုက လွန်စွာအခြေခံကျပါသည်။ တန်းတူညီမျှမှုမရှိလျှင် လူ့အခြေခံအခွင့်အရေးမရှိဟု ဆိုရလောက်သည်အထိ တန်းတူညီမျှမှုက အရေးကြီး၏။

ထို့ကြောင့်ပင် မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးများ စည်းလုံးညီညွတ်စွာ ပင်လုံစိတ်ဓာတ်ဖြင့် သဘောတူခဲ့ကြသည့် တိုင်းရင်းသားတို့ကြားက တန်းတူညီမျှရေးသည် ထိပ်တန်းအရေးကြီးသည့် နိုင်ငံတော်၏ မူဝါဒတစ်ရပ်ဖြစ်ခဲ့ပါသည်။ ထိုမူဝါဒကို ခိုင်ခိုင်မာမာ အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးသည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များအပါအဝင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ယုံကြည်သူ ပြည်သူလူထုအားလုံး၏ တာဝန်လည်း ဖြစ်ပါသည်။

ပြည်သူလူထုက မိမိတို့၏ဆန္ဒနှင့် သဘောထားကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သော လူထုကိုယ်စားလှယ်များကို မဲပေးရွေးချယ်တာဝန်ပေးပြီးသည့်နောက် ထိုတာဝန်ပေးသည့်အတိုင်း အမှန်တကယ် အကောင်အထည်ဖော်သည့် အစိုးရ၊ လွှတ်တော်များနှင့် တရားစီရင်ရေးစနစ်ဖြစ်ရေးကို အားပေးကူညီရင်း အကဲခတ်စောင့်ကြည့် ထိန်းကျောင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရင့်ကျက်ခိုင်မာမှုကို တည်ဆောက်ကြရမည် ဖြစ်ပါသည်။

ယနေ့ ဒီမိုကရေစီခေတ် အစိုးရ၊ လွှတ်တော်များနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးများနှင့်အတူ ပြည်သူလူထု၏ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်ဖြင့် လွတ်လပ်ရေးမရခင်ကပင် ယုံကြည်မျှော်လင့်မှုများဖြင့် ချမှတ်ထားသော နိုင်ငံသားတို့၏ တန်းတူညီမျှရေး တည်တံ့မြဲမြံ တည်ဆောက်နိုင်ကြပါစေသတည်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ရောဝတီတိုင်းသား နိုင်ငံကျော်အနုပညာရှင်များ၏ ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ပုသိမ် ဖေဖော်ဝါရီ ၈**

(၁၀၅) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကာ " ဧရာဝတီတိုင်းသားအနုပညာရှင်များရဲ့ဂီတပွဲခင်း" အမည်ရှိ ဂီတဖျော်ဖြေပွဲကို ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းအတွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဖျော်ဖြေပွဲ၌ ဧရာဝတီတိုင်းသား နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ၊ ဝါးခယ်မရဲမောင်၊ ကံ့ကော်တောမျိုးအောင်၊ မေရွက်ဝါ၊ အကယ်ဒမီ ဦးမိုးဒီနှင့် ယဉ်ကျေးမှုအငြိမ့်အဖွဲ့၊ အဆိုတော် ညိုမြလေး၊ ဦးရန်ပိုင်စိုး၊ ယုဇန၊ ခင်ပိုးပန်းချီနှင့် Myanmar idol အဆိုရှင်များဖြစ်ကြသည့် ဖြိုးမြတ်အောင်၊ ဇော်ကြီး၊မူးလာ၊ နှင်းအိအိဝင်းတို့က ဂုဏ်ပြုတေးသီချင်းများ၊ အကပဒေသာဖျော်ဖြေမှုများဖြင့် တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်၊ စိုးမင်းဦး

❖*ကျောဖုံးမှ*

အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံတွင် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုခံယူနေကြသည့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေနှင့် နေထိုင်စားသောက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ လာရောက်မေးမြန်း အားပေးစကားပြောကြားခဲ့ပြီး ညပိုင်းတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် အဆိုပါဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ကြိုးစားလုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ သာထွန်းကျော်နှင့်အဖွဲ့က ပြည်သူများ စိုးရိမ်ထိတ်လန့်မှု မရှိစေရန် သတင်းမှန်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဝူဟန်မြို့မှ ပြန်လည်ခေါ်ယူလာသည့် ကျောင်းသား ကျောင်းသူ ၅၉ ဦးနှင့် ကျန်းမာရေးဝန်ထမ်း သုံးဦးကို လူထုနှင့် မထိတွေ့စေဘဲ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ ၎င်းတို့ထံမှ ၁၄ ရက်အတွင်း ရောဂါလက္ခဏာမပေါ်ခဲ့ပါက မိသားစုထံသို့ သွားရောက်နိုင်ရန် စီစဉ်ပေးထားကြောင်း ရှင်းလင်းပြောကြားကာ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော် မီဒီယာများအား ရှင်းလင်းဖြေကြားစဉ်။

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

(၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်)

မွန်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ် ဂုဏ်ယူတန်ဖိုးထားသည့် နေ့ထူးနေ့မြတ်ဖြစ်သော မွန်အမျိုးသားနေ့ အခါသမယတွင် မွန်တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဟံသာဝတီမင်းနေပြည်တော်ကို စတင်တည်ထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ကြောင်း ၁၉၄၆ ခုနှစ်တွင် ပြုလုပ်သည့် မွန်တိုင်းရင်းသားညီလာခံတွင် တညီတညွတ်တည်း အတည်ပြုသတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ မွန်အမျိုးသားနေ့အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇၃)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အလျောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးပါသည်။ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဖြတ်သန်းလာခဲ့ရသည့် နှစ်ပေါင်း(၇၀)ကျော်ကာလ၏ ပကတိအရှိတရားကို သုံးသပ်ကြည့်လျှင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းနိုင်သဖြင့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်ခဲ့ရာမှ အကျိုးဆက်အားဖြင့် နိုင်ငံတော်ကြီးငြိမ်းချမ်းရေးနှင့် အလုမ်းကွာဝေး၍ ဖွံ့ဖြိုးတိုးတက်မှုများလည်း နှောင့်နှေးခဲ့ရသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့ခဲ့ရပါသည်။

ယခုအခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် မူလဇာစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေးကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ အိပ်မက်ဖြစ်သည့် ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေးတို့ အမှန်တကယ် အကောင်အထည်ပေါ်လာမည်ဟုလည်း အခိုင်အမာယုံကြည်ထားပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ မွန်ပြည်သစ်ပါတီသည် ၂၀၁၈ ခုနှစ်မှစ၍ ပူးပေါင်းပါဝင်လာကာ နိုင်ငံရေးဆွေးနွေးမှု ဖြစ်စဉ်တစ်လျှောက် တက်ကြွစွာ ပါဝင်နေမှုအတွက်လည်း နှစ်ထောင်းအားရ ဖြစ်မိပါသည်။ မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက် ပထမဦးဆုံး ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် စစ်မှန်သော နိုင်ငံရေးဆွေးနွေးမှု အခွင့်အလမ်းကို ဆုပ်ကိုင်ရယူပြီး မိမိတို့ဘိုးဘွားများ၏ ပြည်ထောင်စုအိပ်မက်များ လက်တွေ့အကောင်အထည်ပေါ်လာစေရေးအတွက် မိမိတို့ပြည်ထောင်စုအတွင်းရှိ မတူကွဲပြားမှုများကို အင်အားအဖြစ် စုစည်းနိုင်ရန် အထူးပင် အရေးကြီးလှပါသည်။

မွန်အမျိုးသားနေ့အခမ်းအနားသည် အစဉ်အလာကြီးမားသော မွန်လူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် စွမ်းရည်တို့ကို ဖော်ညွှန်းဂုဏ်ဆောင်နေသကဲ့သို့ ပြည်ထောင်စုအတွင်း မတူကွဲပြားထူးခြားသည့် အလှတရားများကို ဖော်ပြနေခြင်းလည်း ဖြစ်ပါသည်။

မိမိတို့လျှောက်လှမ်းနေသည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်သည့်လမ်းကြောင်းတွင် စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သော်လည်း ပြည်ထောင်စုသားအပေါင်းတို့၏ အပြန်အလှန်ယုံကြည်လေးစားမှုကို အခြေခံလျက် စုစည်းညီညွတ်သော အင်အားများဖြင့် ရင်ဆိုင်ကျော်လွှားသွားနိုင်မည်ဟုလည်း အခိုင်အမာယုံကြည်ထားပါသည်။

မွန်တိုင်းရင်းသားများအနေဖြင့် ယခု (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခါသမယမှသည် အနာဂတ်ပြည်ထောင်စုခရီးရှည်အား အခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ လက်တွဲပြီး ညီညွတ်တက်ကြွစွာ ဆက်လက်ပါဝင်နိုင်ပါစေ၊ မွန်ပြည်နယ်အတွင်းနှင့် နေရာဒေသအသီးသီးတွင် နေထိုင်ကြသော မွန်တိုင်းရင်းသားများအားလုံး ငြိမ်းချမ်းကြပါစေ၊ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းလျက် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် သဝဏ်လွှာပေးပို့အပ်ပါသည်။

> “ယခုအခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် မူလဇာစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေးကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်”

အောင်ဆန်းစုကြည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် မိသားစုများ တနင်္သာရီတိုင်းဒေသကြီးသို့ သံတမန်လေ့လာခရီးစဉ်သွားရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ ပြည်တွင်းပြည်ပ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ၎င်းတို့၏ ဇနီး/ခင်ပွန်းများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးရှိ သဘာဝအလှအပများ၊ ယဉ်ကျေးမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိနိုင်စေရန်အတွက် ထားဝယ်မြို့နှင့် မြိတ်ကျွန်းစု ဝန်းကျင်ဒေသများသို့ ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ သံတမန်များ၏ ပြည်တွင်းလေ့လာရေးခရီး သွားရောက်ကြသည်။



အဆိုပါ သံတမန်လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း ခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ထားဝယ်မြို့သို့ သွားရောက်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူများက ထားဝယ်လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

သံတမန်လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို လည်းကောင်း၊ မောင်းမကန်ကမ်းခြေနှင့် ကမ်းခြေအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများကို လည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။ ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က သံတမန်လေ့လာရေးအဖွဲ့အား ထားဝယ်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

## ဂျပန် - မြန်မာပွဲတော် ၂၀၂၀ အကြို ညစာစားပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံတွင် (၆) ကြိမ်မြောက် ကျင်းပမည့် ဂျပန်-မြန်မာပွဲတော် ၂၀၂၀ အကြို ညစာစားပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် ကျင်းပသည်။

ညစာစားပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချီရို မာရူယားမား က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဂျပန်-မြန်မာပွဲတော် ၂၀၂၀ အတွက် ပေးပို့သည့် အမှာစကားသဝဏ်လွှာ ဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာ-ဂျပန် ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ မစ္စတာ မာနိုဟိုက် ဒီတိုရှီမာနို က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ-ဂျပန် ကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂျပန်-မြန်မာ ပွဲတော်သည် မြန်မာနှင့် ဂျပန် ပူးပေါင်းဖလှယ်မှုမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေရန် ရည်ရွယ်၍ ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဂျပန်-မြန်မာပွဲတော် ၂၀၂၀ ကို ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏဘူမိ Event Park ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၆)ကြိမ်မြောက် ကျင်းပမည့် ဂျပန် - မြန်မာပွဲတော် ၂၀၂၀ အကြို ညစာစားပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဟိုပုံးမြို့နယ်ရှိ ထမ်းစမ်းရှေတိဂုံ ပုံတူစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။
သတင်းစဉ်

● ရှေ့ဖုံးမှ

လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ထမ်းစမ်းရှေတိဂုံ ပုံတူစေတီတော်သို့ ရောက်ရှိကြရာ ဒေသခံပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြပြီး နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ထမ်းစမ်းရှေတိဂုံ ပုံတူစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် တပ်မတော် အထူးလေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို တို့ ဟိုပုံးမြို့နယ်ရှိ ထမ်းစမ်းလိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။
သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို တို့ ဟိုပုံးမြို့နယ်ရှိ ထမ်းစမ်းလိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်စဉ်။
သတင်းစဉ်



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဟဲဟိုးလေဆိပ်၌ ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
သတင်းစဉ်



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ ကမကထပြုပြီး ရုပ်ရှင်နှင့် ပတ်သက်သည့် ပညာရှင်များ၊ စိတ်ပါဝင်စားသူများ အချိန်ပေးဆောင်ရွက်ထားကြသည့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ယနေ့ ဖွင့်လှစ်လိုက်သည့်အတွက် ရုပ်ရှင်လောကသားများနည်းတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

### စနစ်တကျပြသ

ပြတိုက်ဆိုသည်မှာ လူတစ်ယောက်ချင်းစီ၏ သမိုင်း၊ ကိုယ့်တိုင်းပြည်၏ သမိုင်း စသည့်ကိစ္စရပ်များကိုစုစည်းပြီး စနစ်တကျပြသထားခြင်းဖြစ်ရာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပါကြောင်း၊ သမိုင်းအစဉ်အလာကို ထိန်းသိမ်းရာ၊ တန်ဖိုးထားရာလည်း ရောက်ပါကြောင်း၊ ကိုယ်တန်ဖိုးထားသကဲ့သို့ လာရောက်ကြည့်ရှုသူများအတွက်လည်း စိတ်ဝင်စားစရာ၊ တန်ဖိုးထားစရာ ဆိုသည့် စိတ်ခံစားမှုမျိုး ဖြစ်ပေါ်စေပါကြောင်း၊ မြို့နယ်တိုင်းတွင်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင်လည်း ပြတိုက်ငယ်များထားရှိပြီး နေရာ ဒေသအလိုက် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် အသုံးအဆောင်ပစ္စည်းများကို ပြသထားရှိပါကြောင်း၊ စာကြည့်တိုက်သို့ လာရောက်ကြသည့် လူငယ်များအနေဖြင့် ၎င်းပစ္စည်းများကို တန်ဖိုးထားရမည့် ပစ္စည်းများအဖြစ် သိရှိစေလိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း။

### ဗဟုသုတရရှိ

မိမိတို့တန်ဖိုးထားသည့် ပစ္စည်း၊ လက်ရာ၊ လုပ်ကိုင်ဆောင်ရွက်မှု အမှတ်သင်္ကေတများကို သိမ်းဆည်းပြီး ပြသခြင်းသည် အင်မတန်တန်ဖိုးရှိပါကြောင်း၊ ယင်းတို့ကို ကြည့်ရှုလေ့လာခြင်းဖြင့် ဗဟုသုတရရှိသကဲ့သို့ စိတ်ဓာတ်မြှင့်တင်ပေးသည့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အတွင်း ကြည့်ရှုစဉ်။

များလည်း ရှိပါကြောင်း၊ နိုင်ငံတကာတွင်လည်း သမိုင်းပြတိုက်များသည် ကိုယ့်လူမျိုး ကိုယ့်ဒေသ တစ်ခုချင်းစီ၏ သမိုင်းနှင့် တန်ဖိုးရှိသည့် အကြောင်းအရာများကို ထိန်းသိမ်းပြသကြပါကြောင်း၊ အခြားသူများကိုလည်း ထိန်းသိမ်းချင်သည့်စိတ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ သင်ခန်းစာပေးသည့် သဘောမျိုးလည်း ရရှိပါကြောင်း၊ လေ့လာဆည်းပူးစရာ နေရာတစ်ခုလည်း ဖြစ်ပါကြောင်း၊ သမိုင်းဝင်ပစ္စည်းများကို တန်ဖိုးထားတတ်သည့် စိတ်ဓာတ်မွေးမြူပေးပါကြောင်း၊ စိတ်ဓာတ်တက်ကြွလာအောင်လည်း လုပ်နိုင်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ရုပ်ရှင်သမိုင်းပြတိုက်တွင် လွန်ခဲ့သည့် နှစ် ၁၀၀ က မြန်မာ့ရုပ်ရှင်လောကကို ထူထောင်လာခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ မြန်မာ့ရုပ်ရှင်လောကတွင် ထင်ထင်ရှားရှား ပြောင်ပြောင်မြောက်မြောက် ဖန်တီးခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သရုပ်ဆောင်များ၊ ဒါရိုက်တာများ၊ ဓာတ်ပုံပညာရှင်များ ပေါ်ထွန်းခဲ့မှုကို ခင်းကျင်းပြသထားသည်ဟု သိရှိရပါကြောင်း၊ သူ့ခေတ်သူ့ကာလအလိုက် အမြင့်မားဆုံး လုပ်ဆောင်ခဲ့မှုကို ပြသထားနိုင်သည်ဟု မြင်ပါကြောင်း၊ ထို့ကြောင့် ယင်းပြတိုက်ကို ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌနှင့်တကွ အမှုဆောင်များ၊ ပညာရှင်များ၊ လိုအပ်သည့် ရန်ပုံငွေများ ကူညီပံ့ပိုးပေးကြသူများအားလုံးကို လေးစားချီးကျူးပါကြောင်း၊ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ရုပ်ရှင် နှစ် ၁၀၀ ပြည့်နှစ်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာ့ရုပ်ရှင် အခန်းကဏ္ဍနှင့် ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ်သည် ရုပ်ရှင် နှစ် ၁၀၀ ပြည့်နှစ်ဖြစ်ပါကြောင်း၊ နှစ် ၁၀၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင်နှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများကို စနစ်တကျပြသနိုင်ရန်အတွက် မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်တစ်ခုကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မင်္ဂလာရှိပါကြောင်း၊ ရန်ကုန်မြို့၌ ရုပ်ရှင်နှင့် ပတ်သက်ပြီး သမိုင်းပြတိုက် တစ်ခုရှိလာပြီဆိုသည့် အခြေအနေကို ပြည်သူများကြားတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် လိုအပ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် ခရီးသွားကဏ္ဍတွင် မိမိတို့၏ အမွေအနှစ်များကို မပြသနိုင်သေးခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့တွင် ပြသစရာများ၊ စိတ်ဝင်စားစရာများ အများကြီးရှိပါကြောင်း၊ သို့သော် မိမိတို့ အမွေအနှစ်များကို မပြသထားနိုင်သည့်အတွက် ယင်းနေရာများကို လာရောက်ကြည့်ရှုရန် မသိရှိကြသည့်အခြေအနေတစ်ခု ဖြစ်ပါကြောင်း။

ပြတိုက်တစ်ခု ဖွင့်ပြီဆိုလျှင် ယင်းပြတိုက်ကို စဉ်ဆက်မပြတ်ရှင်သန်နေအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ယင်းပြတိုက်ကို အားလုံးလာနိုင်အောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ နှစ် ၁၀၀ ပြည့်ကို ဂုဏ်ပြုနိုင်မည့် မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်ကြီးတစ်ခုကို ပြည်သူများကြားတွင် အမှတ်တရထင်ကျန်ခဲ့ရန် ကြိုးစားကြဖို့ လိုအပ်မည်ဟုယူဆပါကြောင်း။

### ရန်ကုန်၏ အမှတ်သင်္ကေတ

နောက်တစ်ချက်က အဆောက်အဦ ဖြစ်ပါကြောင်း၊ အဆောက်အဦမှာ သမိုင်းအမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေတစ်ခုကို ပြသနေသည့် အခြေအနေတစ်ခုဖြစ်ပါကြောင်း၊ ယင်းအဆောက်အဦကို မိမိတို့က မြို့ပြအမွေအနှစ်ပုံစံဖြင့် ထိန်းသိမ်းစောင့်ရှောက်ပြီး ပြတိုက်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ နိုင်ငံတကာမှ လာရောက်သည့်သူများ လေ့လာနိုင်သည့် ပြတိုက်တစ်ခုဖြစ်ရန်၊ ရန်ကုန်၏ အမှတ်သင်္ကေတတစ်ခုအနေဖြင့် လာရောက်လည်ပတ်သည့်သူများ သွားရောက်ကြည့်ရှုစရာနေရာ တစ်ခုဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယင်းအတွက်လည်း တိုင်းဒေသကြီးအစိုးရဘက်မှ မည်သို့ပံ့ပိုးကူညီပေးနိုင်မည်ကို စဉ်းစားမည် ဖြစ်ပါကြောင်း။

ယနေ့ သမိုင်းအမွေအနှစ်တစ်ခုကို ပြည်သူများအား ပြသနိုင်ရန် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြတိုက်ကြီးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးကြသည့်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ပါကြောင်း၊ နှစ် ၁၀၀ ဖြတ်သန်းခဲ့သည့် ရုပ်ရှင်နယ်ပယ်မှ ပေးဆပ်သွားကြသည့်သူများ၊ ကြိုးပမ်းခဲ့ကြသူများကို ဦးညွှတ်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရုပ်ရှင်အစည်းအရုံး နာယကကြီးများ ဖြစ်ကြသည့် အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်နှင့် ဒါရိုက်တာ ဦးအောင်မြင့်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက် ဖွင့်ပွဲအခမ်းအနား မစတင်မီ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပနိုင်ရန်အတွက် မဟာနှင့် Bella ကုမ္ပဏီက အလှူငွေကျပ် သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားနှင့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်လောကသားများ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

### ဖွင့်လှစ်ပြသ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ရာမှ ယခုအခါ ပြတိုက်အဆောက်အဦကို အကြီးစားပြင်ဆင် မွမ်းမံခဲ့ပြီး ငွေရတုပြခန်း၊ ရွှေရတုပြခန်း၊ စိန်ရတုပြခန်း၊ ရာပြည့်ပြခန်း၊ ရုပ်ရှင် စက်မှုပြခန်းနှင့် ရုပ်ရှင်ထူးချွန်ဆု ပြခန်းတို့အပြင် ရုပ်ရှင်အထောက်အကူပြုပြခန်းနှင့် ကာတွန်းရုပ်ရှင်ပြခန်းတို့ဖြင့် စုဖွဲ့ပြင်ဆင်ကာ စနေနေ့၊ တနင်္ဂနွေနေ့နှင့် အများပြည်သူရုံးပိတ်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေး သစ်တောများ - ဒို့ ညီအစ်ကိုများ အတူတကွတည်ထောင်ကြစို့လား

ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသန)

> ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့သော အီကွေဒေါနှင့် ပီရူးနိုင်ငံတို့ နှစ်နိုင်ငံ ပူးတွဲတည်ထောင်ထားသော Cordillera del Condor Peace Park (Ecuador–Peru) ကို နမူနာယူနိုင်ပါသည်။ အဆိုပါ ငြိမ်းချမ်းရေးဥယျာဉ်ကို အကြောင်းပြုပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်သည်ဟု ဆိုသည်။ ငြိမ်းချမ်းရေးနှင့် နှစ်နိုင်ငံအငြင်းပွားမှုများကိုသာမက ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ ငြိမ်းချမ်းရေးသစ်တောများသည် နှစ်နိုင်ငံသာမက နိုင်ငံအတွင်း ပဋိပက္ခဖြစ်ပေါ်နေသော နေရာများတွင် နှစ်ဦးနှစ်ဖက် နားလည်မှုရှိစွာဖြင့် အစပြုဆောင်ရွက်နိုင်

**သစ်တောသယံဇာတများ**

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများမှာ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်အောင် သက်ရှိလောကအတွက် အဖိုးတန်လှသည်။ တစ်နည်းအားဖြင့် သစ်တောများပြုန်းတီးခြင်းနှင့် မြေသယံဇာတများ အဆင့်အတန်းကျဆင်းခြင်းသည် လူသားများ၏ ကြွယ်ဝချမ်းသာမှုနှင့် လူနေမှုအဆင့်အတန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေပါသည်။ သက်ရှိများအတွက် အလွန်အရေးပါသည့် ရေသယံဇာတ၊ အစားအစာရရှိမှု၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအပေါ် ဆိုးကျိုးများသက်ရောက်စေသည်။ ထို့ကြောင့် သစ်တောများပြုန်းတီးခြင်းနှင့် မြေသယံဇာတအဆင့်အတန်းကျဆင်းခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၏ အခြေခံအကျဆုံး အကြောင်းအရင်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

**ပဋိပက္ခများနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ**

သစ်တောများပြုန်းတီးခြင်းနှင့် မြေသယံဇာတ အဆင့်အတန်းကျဆင်းခြင်းသည် ပဋိပက္ခများနှင့် မငြိမ်မသက်ဖြစ်နေသော နေရာဒေသများတွင် အဖြစ်အများဆုံးသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည်။ မငြိမ်းချမ်းသောနေရာ၊ ပဋိပက္ခနေရာဒေသများ တိုးလာသည်နှင့် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုလည်း များပြားလာတတ်သည်။ ဒေသခံပြည်သူများက နောက်ဆက်တွဲ ဆိုးကျိုးများကို ခါးသီးစွာ ရင်ဆိုင်ခံစားကြရသည်။ ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) (ICCD/COP (14)/ MISC.1) အဆိုအရ ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်း (၁.၈ ဘီလီယံ) ခန့်သည် ပဋိပက္ခဖြစ်နေသော နေရာများတွင် နေထိုင်နေကြရသည်ဟု ဆိုသည်။ အချိန်ကာလကြာမြင့်လာသော ပဋိပက္ခများသည် သစ်တောများပြုန်းတီးခြင်း၊ မြေသယံဇာတများ အဆင့်အတန်းကျဆင်းခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်းကို ပိုမိုဖြစ်ပေါ်စေပြီး ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအပေါ် ဆိုးကျိုးများ သက်ရောက်စေသည်။ သစ်တောများမှ ရရှိနေသည့် သစ်၊ ထင်း၊ ဝါး၊ အစားအစာ၊ ရေနှင့် အခြေခံလိုအပ်ချက်များရရှိနိုင်မှုလည်း လျော့ပါးဆုံးရှုံးသွားသည်။ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်စေပါသည်။

ပဋိပက္ခလွန်ကာလများတွင်လည်း စနစ်တကျထိရောက်စွာ အုပ်ချုပ်နိုင်ခြင်းမရှိသဖြင့် (သို့မဟုတ်) အားနည်းသဖြင့် မြေနှင့် ပတ်ဝန်းကျင်ဆုတ်ယုတ်ပျက်စီးမှုအန္တရာယ် တိုးပွားလာမည့်အလားအလာ ပိုမိုများပြားသည်။ သစ်တောပြုန်းတီးမှု၊ သစ်တောနှင့် မြေအတန်းအစား ကျဆင်းမှုများ ပိုမိုဆိုးရွားစွာ ဆက်တိုက်ဖြစ်ပေါ်လာတတ်ပါသည်။

ထို့ကြောင့် အဆိုပါနေရာဒေသများတွင် သစ်တောထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလွန်အရေးတကြီး လိုအပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားလာပြီး ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပဋိပက္ခဖြစ်ပေါ်နေသော နေရာဒေသများ၏ နယ်နိမိတ်၊ အစပ်၊ ကြားနေရာဒေသများတွင် ရှိနေသော သစ်တောသယံဇာတများ၊ ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သဘာဝနယ်မြေများကို နှစ်ဦးနှစ်ဖက် နားလည်စွာဖြင့် ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်သည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (သို့မဟုတ်) ငြိမ်းချမ်းရေးသစ်တောများအဖြစ် သတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သစ်တောထိန်းသိမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး**

နှစ်ဦးနှစ်ဖက် နားလည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီနိုင်ပါသည်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဘုံအကျိုးစီးပွားအတွက် သစ်တောထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှုမှသည် နိုင်ငံအချင်းချင်း ငြိမ်းချမ်းရေးသစ်တောများ ပူးပေါင်းတည်ထောင်ထားရှိခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ဥပမာအားဖြင့် ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့သော အီကွေဒေါနှင့် ပီရူးနိုင်ငံတို့ နှစ်နိုင်ငံပူးတွဲတည်ထောင်ထားသော Cordillera del Condor Peace Park (Ecuador–Peru) ကို နမူနာယူနိုင်ပါသည်။ အဆိုပါ ငြိမ်းချမ်းရေးဥယျာဉ်ကို အကြောင်းပြုပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်သည်ဟုဆိုသည်။ ငြိမ်းချမ်းရေးနှင့် နှစ်နိုင်ငံအငြင်းပွားမှုများကိုသာမက ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ ငြိမ်းချမ်းရေးသစ်တောများသည် နှစ်နိုင်ငံသာမက နိုင်ငံအတွင်း ပဋိပက္ခဖြစ်ပေါ်နေသောနေရာများတွင် နှစ်ဦးနှစ်ဖက် နားလည်မှုရှိစွာဖြင့် အစပြုဆောင်ရွက်နိုင်သည်။ အကျိုးကျေးဇူးများစွာလည်း ရရှိနိုင်မည်ဖြစ်သည်။ ပဋိပက္ခလွန်ကာလများတွင် နှစ်ဦးနှစ်ဖက် သဘောတူညီချက်များ ရယူလျက် ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်မည်ဆိုပါက သားရှေ့အိုးထမ်းတာမြင်ရသည့်နှယ် ဘက်စုံအကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဖြစ်သည်။

**ငြိမ်းချမ်းရေးသစ်တောများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ**

ငြိမ်းချမ်းရေးသစ်တောများသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုတိုးပွားနိုင်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်နိုင်ခြင်း အလားအလာကောင်းများစွာရှိသည်။ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ခြင်း၊ ဂေဟစနစ်များအား ပြန်လည်တည်ထောင်နိုင်ခြင်း၊ ကာကွယ်နိုင်ခြင်း စသည့် ထင်သာမြင်သာရှိသည့် အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်သည်။ အဆင့်အသီးသီး၊ အလွှာအသီးသီး ဆက်ဆံရေးတိုးတက်ကောင်းမွန်လာပြီး ဖြစ်ပေါ်နေသော ပြဿနာများ၊ ပဋိပက္ခများကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အရေးကြီးသည်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအား မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်နှင့် သစ်တောများနှင့် မြေသယံဇာတများကို ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်များ၊ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုစနစ်များ၊ ထိရောက်စွာ အုပ်ချုပ်နိုင်သည့်စံများ ချမှတ်ထားရှိရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ထိရှလွယ်သော ပဋိပက္ခအခြေအနေများကို ကျော်လွှားနိုင်၍ ငြိမ်းချမ်းရေးကို အထောက်အကူပြုခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ခြင်း အသီးအပွင့်များ ခံစားနိုင်မည်ဖြစ်သည်။

သစ်တောများ တည်ထောင်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDGs) ကိုလည်း အလွန်အထောက်အကူပြုလျက်ရှိသည်။ ဥပမာ ပန်းတိုင်(၁) ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ပန်းတိုင်(၂) စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ ပန်းတိုင် (၆) ရေကောင်းရေသန့် ရရှိရေးနှင့် ရေအရင်းမြစ် စနစ်တကျစီမံခန့်ခွဲရေး၊ ပန်းတိုင်(၇) စွမ်းအင်ဖူလုံရေး၊ ပန်းတိုင် (၁၁) လုံခြုံစိတ်ချပြီး ခံနိုင်ရည်ရှိသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ပြများ၊ လူများအခြေချနေထိုင်ရာ ဒေသများအဖြစ် ဆောင်ရွက်ရေး၊ ပန်းတိုင်(၁၃) ရာသီဥတုပြောင်းလဲမှုလျော့ချရေး စသည့် ပန်းတိုင်များ အောင်မြင်စေရန်အတွက်လည်း သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှသည်။

အထူးသဖြင့် ငြိမ်းချမ်းရေးသစ်တောများသည် ပန်းတိုင် ၁၅ "မြေပြင်ပေါ်ရှိသက်ရှိများ" နှင့် ပန်းတိုင် ၁၆ "ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် ခိုင်မာတောင့်တင်းသော အဖွဲ့အစည်းများ" တို့ကို တိုက်ရိုက်အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လူငယ်များမကျန် အကျိုးဆက်စပ်ပတ်သက်သူများ ပါဝင်အကောင်အထည်ဖော်နိုင်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် သစ်တောများ ပူးပေါင်းထိန်းသိမ်းမှုမှတစ်ဆင့် နိုင်ငံရေးတင်းမာမှုများ လျှော့ချခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အထောက်အကူပြုနိုင်ပါသည်။ ထာဝရငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ပါသည်။ ငြိမ်းချမ်းရေးသစ်တောများကို တည်ထောင်ရာတွင် အောက်ဖော်ပြပါ သက်ရောက်မှုများ ဖြစ်ပေါ်စေရန် ရည်မှန်းဆောင်ရွက်နိုင်ပါသည် -

(က) နှစ်ဦးနှစ်ဖက် အငြင်းပွားမှုများ၊ တင်းမာမှုများ လျှော့ချနိုင်ရန်၊ နှစ်ဦးနှစ်ဖက် နားလည်မှု၊ စိတ်ချယုံကြည်မှုများနှင့် လုံခြုံမှုများ တိုးပွားလာစေရန် ရည်မှန်းဆောင်ရွက်နိုင်ပါသည်။

- ❖ ဥပမာအားဖြင့် သစ်တောများထိန်းသိမ်းခြင်းနှင့် သစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံဗဟုသုတများ၊ အတွေးအမြင်များ ဖလှယ်ခြင်း၊ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းဝေးများ၊ သင်တန်းများ ကျင်းပခြင်း၊ အပြန်အလှန် လည်ပတ်လေ့လာနိုင်ရန် စီစဉ်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်နားလည်မှု၊ စိတ်ချယုံကြည်မှုများနှင့် လုံခြုံမှုများ တိုးပွားလာစေနိုင်ပါသည်။

(ခ) သစ်တောများနှင့် မြေသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းဆောင်ရွက်နိုင်ပါသည်။

- ❖ ဥပမာအားဖြင့် သစ်တောများနှင့် မြေသယံဇာတများ ထာဝစဉ်တည်တံ့စေရန်အတွက် သင့်လျော်သည့် စီမံအုပ်ချုပ်မှုစနစ်၊ မဟာဗျူဟာနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်ခြင်း၊ သစ်တောများနှင့် မြေသယံဇာတများ ထာဝစဉ်တည်တံ့စေရန်အတွက် ရည်မှန်းချက်များ ပူးတွဲချမှတ်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုစီမံကိန်းနှင့် အစီအစဉ်များ ပူးတွဲရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ပြုပြင်ပြောင်းလဲမှုစီမံကိန်းနှင့် အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ရန်ပုံငွေကြေးအရင်းအမြစ်ကို ပူးတွဲကြိုးပမ်းရှာဖွေခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့်လည်း နှစ်ဦးနှစ်ဖက် နားလည်မှု၊ စိတ်ချယုံကြည်မှုများနှင့် လုံခြုံမှုများ တိုးပွားလာစေနိုင်ပါသည်။

(ဂ) သစ်တောများအပါအဝင် သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းနှင့် အတန်းအစား ကျဆင်းနေသော မြေများကို ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရန်၊ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရန်နှင့် ပတ်ဝန်းကျင်ဂေဟစနစ်များ ပိုမိုကောင်းမွန်လာစေရန် ရည်မှန်းဆောင်ရွက်နိုင်ပါသည်။

- ❖ ဥပမာအားဖြင့် သစ်တောနှင့် မြေသယံဇာတ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ နည်းစနစ်များ၊ နည်းလမ်းများ၊ ချဉ်းကပ်မှုများ ကို အသုံးပြုခြင်းဖြင့် မြေ၏ ထုတ်လုပ်မှုစွမ်းရည်၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေခြင်း၊ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးများနှင့် ထိခိုက်ခံစားနိုင်မှု အများဆုံး၊ အစားအစာလုံခြုံစိတ်ချရမှု မရှိသော လူများအတွက် မြေများနှင့် အခြားထုတ်လုပ်မှုဆိုင်ရာ သယံဇာတများ အလွယ်တကူ လက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု ပြဿနာများနှင့် သဘာဝဘေးအန္တရာယ်များ ထိခိုက်ခံနိုင်မှု လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်နားလည်မှု၊ စိတ်ချယုံကြည်မှုများနှင့် လုံခြုံမှုများ တိုးပွားလာစေနိုင်ပါသည်။

*စာမျက်နှာ ၇ သို့*

# ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာလင်္ကာရ မဟာထေရ်မြတ်၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဓမ္မာနုဓမ္မမဟာဒွါရနိကာယ ဒုတိယဂဏာဓိပတိ၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ အမှတ်(၁၅)ရပ်ကွက် သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက် ပဓာနနာယကဆရာတော် သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာလင်္ကာရ မဟာထေရ်မြတ်၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်ကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော် အရှင်သူမြတ်များ အမှူးပြုသော ပရိသတ်များက "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သုံးဂါထာရွတ်ဆိုကာ သံဝေဂဉာဏ်ပွားများ၍ အခမ်းအနားဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းတို့က စိန်ကတ္တီပါလွှမ်းခြုံပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဟင်္သာတမြို့ ဘိုးသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓ မဟာထေရ်က ရွတ်ဖတ်ပူဇော်ပြီး ဓမ္မာနုဓမ္မမဟာဒွါရနိကာယဗဟိုဌာန၏သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို ဟင်္သာတမြို့ လယ်တီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညဝန္တ က ဖတ်ကြားပူဇော်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကိုယ်စား ဝမ်းနည်းကြောင်း သဝဏ်လွှာဖတ်ကြားပူဇော်သည်။ ယင်းနောက် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို တောင်ပေါ်ကျောင်းတိုက် တိုက်အုပ် ဆရာတော်ဘဒ္ဒန္တသုစိတ္တသာရက ဖတ်ကြားပူဇော်ပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဈာပနပူဇော်ပွဲ ကျင်းပရေးကော်မတီသို့ အလှူငွေများ လှူဒါန်းသည်။**(အပေါ်ပုံ)**

ထို့နောက် ကျုံပျော်မြို့နယ် စက်ကျောင်း ပြာမလေ့ဆရာတော် ဘဒ္ဒန္တဉာဏဇောတိက "ပဋ္ဌိမဝန္ဒနာဂါထာ" ရွတ်ဖတ်ပူဇော်ခြင်း၊ ဇလွန်မြို့နယ် သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရက အပြစ်ရှိလျှင် သည်းခံခွင့်လွှတ်တော်မူပါရန် ဝန်ချတောင်းပန်လွှာ လျှောက်ထားခြင်း၊ ပရိသတ်အားလုံးက "အနိစ္စာဝတသင်္ခါရာ" အစချီသော သုံးဂါထာရွတ်ဆို သံဝေဂဉာဏ်ပွားများပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြတ်ပန်းတိုင် ဆရာတော် ဘဒ္ဒန္တဉာဏဝီရက "အဘိယာစက နိမန္တနဂါထာ"ဖြင့် လျှောက်ထားပြီး အန္တိမအဂ္ဂိဈာပန ကျင်းပရာဌာနသို့ အစီအစဉ်အတိုင်း ပင့်ဆောင်သည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်သူမြတ်များ အမှူးပြုသော ပရိသတ်များက "အနိစ္စာဝတသင်္ခါရာ" အစချီသော သုံးဂါထာရွတ်ဆိုပွားများကာ ရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပန မီးပူဇော်ပြီးအရိုးတော်နှင့် ပြာတော်များကို ရတနာရွှေအိုး၊ ငွေအိုးအတွင်း ထည့်သွင်း၍ ဥဒကပဝါဟနရေမျှောပူဇော်ပြီး အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သစ်တောသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲအခြေအနေ၊ ခရီးသွားလုပ်ငန်းအလားအလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများပေါ်မူတည်ပြီး နှစ်ဦးနှစ်ဖက် ဘုံစိတ်ဝင်စားမှု ၊ သဘောတူညီမှုတို့အပေါ် အခြေခံလျက် ငြိမ်းချမ်းရေးသစ်တောများ၊ ဥယျာဉ်များ တည်ထောင်ခြင်းအတွက် အောက်ဖော်ပြပါ စီမံကိန်းများ၊ အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ပါသည်-

- ❖ ထာဝစဉ်တည်တံ့သော သစ်တောများနှင့် မြေသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ခြင်း၊
- ❖ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ပြည်သူအခြေပြု သဘာဝနယ်မြေများ ထိန်းသိမ်းခြင်း၊ ရေသယံဇာတများနှင့် ရေဦးရေထွက်၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊
- ❖ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းအမျိုးမျိုး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သစ်တောမြေယာရှင်း ပြန်လည်တည်ထောင်ခြင်း၊ ဆေးဖက်ဝင်ပင်ဥယျာဉ်များတည်ထောင်ခြင်း၊ သစ်မျိုးစုံဥယျာဉ်တည်ထောင်ခြင်း၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း၊
- ❖ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း၊ သစ်တောဂေဟစနစ်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို အခြေခံလျက် ပြည်သူလူထုကျန်းမာရေးနှင့် စိတ်ချမ်းသာပျော်ရွှင်မှုအတွက် သဘာဝအခြေခံအပန်းဖြေစခန်းများ တည်ထောင်ခြင်း၊
- ❖ သစ်တောများနှင့် မြေသယံဇာတများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များမြှင့်တင်ရေးအတွက် နှစ်ဦးနှစ်ဖက်မှ အကျိုးဆက်စပ် ပတ်သက်သူများ၊ ဒေသခံပြည်သူများအား သင်တန်းများပေးခြင်း၊ အောင်မြင်နေသော သစ်တောထိန်းသိမ်းရေးလုပ်ငန်းများဆီသို့ အပြန်အလှန် လေ့လာရေးစေလွှတ်ခြင်း၊

**ငြိမ်းချမ်းရေး သစ်တောများ - ဒို့ ညီအစ်ကိုများ အတူတကွ တည်ထောင်ကြစို့လား**

"သစ်ပင် သစ်တောများသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ဗဟိုချက်" ဖြစ်သည်ဆိုသည့် စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အမြော်အမြင်ကြီးစွာဖြင့် ထည့်သွင်းစဉ်းစား၊ ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည်။ သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများသည် သက်ရှိလောကတစ်ခုလုံးကို အကျိုးပြုသဖြင့် လူသားတိုင်းနှင့် သက်ဆိုင်သည်။

မည်သည့် နေရာဒေသမဆို၊ မည်သည့်ပြဿနာ ပဋိပက္ခဖြစ်စေကာမူ သက်ရှိလောကအတွက် အကျိုးပြုနေသော သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းလုပ်ငန်းကို ဘုံအကျိုးစီးပွားအတွက်၊ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် သစ်တောသစ်ပင်များကို ကာကွယ်ကြသင့်သည်၊ စုပေါင်းထိန်းသိမ်းနိုင်ရန် စဉ်းစားဆောင်ရွက်သင့်သည်။ နည်းလမ်းများ ရှာဖွေလျက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေးသစ်ပင်များ၊ ငြိမ်းချမ်းရေးသစ်တောများ တည်ထောင်လျက် သက်ရှိလောကကို အကျိုးပြုနိုင်အောင် ကြိုးပမ်းသင့်သည်။ ငြိမ်းချမ်းရေးသစ်တောများကို အကြောင်းပြု၍ စစ်မှန်သော ငြိမ်းချမ်းရေးဆီသို့ ဆက်လက်ချီတက်နိုင်မည်ဆိုလျှင် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော မြို့ပြများ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို အနာဂတ်မျိုးဆက်သစ်များအတွက်ကို လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**(ကိုးကား။ UNCCD ၏ ၁၀-၉-၂၀၁၉ ရက်စွဲဖြင့် ဖြန့်ဝေသည့် Land Degradation Neutrality (LDN) အောက်တွင် ဆောင်ရွက်မည့် Peace Forest Initiative (PFI) ICCD/COP(14)/MISC.1 ကို ကိုးကားပြီး ရေးသားကြောင်း ဖော်ပြအပ်ပါသည်။)**

# ကောင်းမှုလုန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ရိုးရာပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပ

**မချမ်းဘော့ ဖေဖော်ဝါရီ ၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် မလိခမြစ်ကမ်းနံဘေးတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုန်စေတီတော်မြတ်ကြီး၏ နှစ်ပေါင်း ၂၃၂၀ ပြည့်နှစ် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ ပွဲတော်အတွင်း တိုင်းခမ်းတီ ရိုးရာမီးပြာသာဒ်ဖြင့် ပူဇော်ခြင်း၊ သဲပုံစေတီပွဲ၊ ရိုးရာမသိုး သင်္ကန်းရက်လုပ် ပူဇော်ခြင်းနှင့် ကြာတစ်ထောင် ဆီမီးမျှောပူဇော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ဆင်စီးပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာအားကစားပွဲများနှင့် တိုင်းခမ်းတီရိုးရာဆင်ဖြင့် လယ်ထွန်မင်္ဂလာပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မချမ်းမြေ**



**ကောင်းမှုလုန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ကျင်းပသည့် ဆင်ပြိုင်ပွဲ။**

ဓာတ်ပုံ - ဆားရမ်(ပူတာအို)

# လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့နံနက် ၇ နာရီက(၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီး၏ ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲကို ကျင်းပသည်။

**ဆွမ်းဆန်စိမ်းလောင်းလှူ**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခ(ဝိပဿနာဌာန)ပဋ္ဌိပတ္တိဌာနမှူး မဟာဓမ္မကထိဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒ အမှူးပြု၍ သံဃာတော် အရှင်သူမြတ် ၄၅ ပါးတို့အား ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် လူထုအခြေပြုဗဟိုဌာနကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူထုအခြေပြုဗဟိုဌာန(ဗဟန်း) (Community Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် (၄၂၁/ဒီ) ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့က လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံအတွင်းရှိ ပြည်သူ့စာကြည့်တိုက်၊ ဘက်စုံသုံး ခန်းမ၊ သင်တန်းခန်းမ၊ ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်းနှင့်ကစားကွင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းမနှင့် လသာဆောင်တွင် စားပွဲတင်တင်းနစ်ကစားမှု၊ ကရာတေးဒိုသရုပ်ပြမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူထုအခြေပြုဗဟိုဌာန(ဗဟန်း) (Community Centre) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အသိပညာပေး**

ယင်းနောက် ဘက်စုံသုံးခန်းမ၌ ကျင်းပသည့် လူထုအခြေပြုဗဟိုဌာနဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနတွင် ဌာနကြီးလေးခုရှိပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အများပြည်သူကို သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ပါကြောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည်လည်း ပုံနှိပ်လုပ်ငန်းများနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးစာအုပ်များကို ရိုက်နှိပ်ထုတ်ဝေသည့်အပြင် ရွေးကောက်ပွဲများအတွက် မဲလက်မှတ်များ၊ မဲစာရင်းများ ရိုက်နှိပ်ခြင်းကိုလည်း ဆောင်ရွက်ပါကြောင်း၊ ၎င်းဌာနရှိ စာပေဗိမာန် ဌာနသည်လည်း စာပေနှင့်ဆက်စပ်သော လုပ်ငန်းများကို ဆောင်ရွက်နေသဖြင့် ပုံနှိပ်ခြင်းသာမက အသိပညာပြန့်ပွားရေးကိုလည်း ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆု ချီးမြှင့်ခြင်းများတွင်လည်း ပါဝင်ဆောင်ရွက်ပါကြောင်း၊ ထို့အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည်လည်း မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို နေ့စဉ်ထုတ်ဝေဖြန့်ချိပြီး သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း။

နောက်တစ်ခုမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပင် ဖြစ်ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနသည် ပြန်ကြားရေးဝန်ကြီးဌာနရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတို့တွင် တည်ရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနှင့် တွဲဖက်၍ စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပါကြောင်း၊ ၎င်းဌာနသည် အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရပါကြောင်း၊ ပြောင်းလဲလာသည့်အနေအထား၊ ဒီမိုကရေစီကူးပြောင်းရေးကာလတွင် လုပ်ငန်းဆောင်ရွက်မှုကို တစ်ဖက်သတ်သဘောမျိုးမဟုတ်ဘဲ အပြန်အလှန်သဘောမျိုးဖြင့် ကြိုးစားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကိုလည်း Community Centre များအဖြစ် ပြီးခဲ့သည့်နှစ်ပိုင်းမှစ၍ ပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း။

ယနေ့တွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် စတင်ဆောင်ရွက်ခဲ့သည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကို ခမ်းခမ်းနားနားနှင့် တင့်တင့်တယ်တယ် ဖွင့်လှစ်နိုင်ခြင်းဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုထံ ပြန်လည်အစီရင်ခံရသည့် တာဝန်ရှိပါကြောင်း၊ Community Centre များတွင် အများပြည်သူ ဆုံတွေ့ကြပြီး အများပြည်သူ လိုလားသည့်အကြောင်းအရာ၊ စိတ်ဝင်စားစရာအကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ကာ ၎င်းသဘောထားဆန္ဒများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ရရှိကြပါကြောင်း၊ ၎င်းမှတစ်ဆင့် လွှတ်တော်များ၊ မူဝါဒချမှတ်သည့် နေရာများထံသို့ ဆက်လက်ပို့ဆောင်ခြင်းလည်း ဖြစ်ပါကြောင်း။

**လူကြီးလူငယ်မရွေး အသုံးပြုနိုင်**

Community Centre များမှတစ်ဆင့် ဒီမိုကရေစီပုံစံကို ပီပီပြင်ပြင် လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အများပြည်သူ ပါဝင်မှုအားကောင်းလေ၊ ဒီမိုကရေစီ ပိုမိုပြည့်ဝလေဖြစ်ပါကြောင်း၊ အများပြည်သူဆန္ဒသဘောထားများ ဖော်ထုတ်ဖလှယ်နိုင်သည့် Community Centre များ အဖြစ်မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာန (Community Centre) များကို သက်ဆိုင်ရာမြို့နယ်များရှိ အများပြည်သူ ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ရန် ရည်ရွယ်ပါကြောင်း၊ လူကြီးလူငယ်မရွေး အသုံးပြုနိုင်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် Community Centre တွင် ရုပ်ပိုင်းဆိုင်ရာများ ပြည့်ပြည့်ဝဝ ဖြစ်အောင် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ Community Centre ၏ အနှစ်သာရများကိုပြည့်ဝအောင် ကြိုးစားဆောင်ရွက်နိုင်ရန်မှာ ဗဟန်းမြို့နယ်တွင်ရှိသည့် လူကြီး/ လူငယ်များ၊ ရန်ကုန်မြို့တွင်ရှိသည့် လူကြီး လူငယ်များ၏ စိတ်ပါဝင်စားမှုအပေါ် မူတည်ပါကြောင်း၊ ယခုကဲ့သို့ တင့်တယ်ခမ်းနားသည့် Community Centre ဖြစ်မြောက်လာစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဗဟန်းမြို့နယ်တွင် လူထုအခြေပြုဗဟိုဌာန (Community Centre) ပေါ်လာပြီဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် အကျိုးရှိအောင် အသုံးချရမည်ဖြစ်ပါကြောင်း၊ ဗဟန်းမြို့နယ်အတွင်း၌ရှိသည့် ပြည်သူများနှင့် ရန်ကုန်မြို့အတွင်းရှိ ပြည်သူများအားလုံး Community Centre တွင် လာရောက်စုရုံးကာ မိမိတို့၏ရပ်ရွာဒေသ အကျိုးအားလုံး ဆွေးနွေးတိုင်ပင်စရာနေရာတစ်ခုအဖြစ် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့နိုင်မည့်နေရာများကို ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် ယခုကဲ့သို့ Community Centre များကိုလည်း မရှိမဖြစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုဆိုလျှင် မိမိတို့ အစိုးရတာဝန်ယူခဲ့သည်မှာ သုံးနှစ်နှင့် ဆယ်လတာကာလသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ထိုကာလကို ရောက်ရှိလာသည်နှင့်အမျှ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့မှု ပိုမိုအားကောင်းလာပါကြောင်း၊ ယခုကဲ့သို့ Community Centre ပေါ်ပေါက်လာခြင်းအားဖြင့် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီရင့်ကျက်ရေးတွင် Community Centre များသည် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုအနေဖြင့် မရှိမဖြစ်လိုအပ်နေပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် Community Centre ကြီးသည် လူထုအတွက် အကျိုးပြုနိုင်သည့် ဒီမိုကရေစီထူထောင်ရေးအတွက် အခိုင်အမာအုတ်မြစ်တစ်ခုလို ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လူထုအခြေပြုဗဟိုဌာန (ဗဟန်း) အဆောက်အအုံ ဒီဇိုင်းရေးဆွဲပေးသော မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်းအတွက် ဥက္ကဋ္ဌဦးမော်လင်းအား လည်းကောင်း၊ ကွန်ပျူတာနှင့် စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂများလှူဒါန်းပေးသော Yangon Petrol ကုမ္ပဏီမှ မန်နေဂျာဒေါ်ကေသီညွန့်အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် "လူထုအခြေပြုဗဟိုဌာန (Community Centre)များကို အကျိုးရှိအောင် ဘယ်လိုအသုံးပြုမလဲ" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးက ဦးဆောင်၍ MRTV-4 အစီအစဉ်များတွင် ပါဝင်ကြသည့် သရုပ်ဆောင် ဖြိုးရာဇာနိုင်နှင့် ဝိုင်းရွှေရည်တို့က လည်းကောင်း၊ အစီအစဉ်တင်ဆက်သူ ငြိမ်းချမ်းကိုကိုနှင့် မရတနာတို့က လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးစိုက်ရာ မြို့ကြီးများနှင့် အခြားမြို့များတွင် လူထုအခြေပြုဗဟိုဌာန (Community Centre) ၁၆ ခုကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**နိုင်ငံတကာအဆင့်မီ တည်ဆောက်**

ယနေ့ ဖွင့်လှစ်သည့် ရန်ကုန်တိုင်းဒေသကြီး လူထုအခြေပြုဗဟိုဌာန(ဗဟန်း) သည် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပထမဦးဆုံးဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာနဖြစ်သလို ၁၇ ခုမြောက် လူထုအခြေပြုဗဟိုဌာနလည်း ဖြစ်သည်။ အဆိုပါ လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် ၄၈၄ ဒသမ ၁ သန်း အကုန်အကျခံကာ နိုင်ငံတကာအဆင့်မီ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဒုတိယမြောက် လူထုအခြေပြုဗဟိုဌာနကို ရခိုင်ပြည်နယ် သံတွဲမြို့တွင် ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ခရိုင်နှင့် မြို့နယ်ရုံးပေါင်း ၄၁၇ ရုံးရှိရာ အဆိုပါရုံးများကို ခေတ်မီသည့်အဆောက်အဦများအဖြစ် အဆင့်မြှင့်တင်နိုင်ခြင်းမရှိသေးသော်လည်း လူထုအခြေပြုဗဟိုဌာနများအဖြစ် လုပ်နိုင်သမျှ၊ တတ်စွမ်းသမျှဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း) အဆောက်အအုံအတွင်း ဆောင်ရွက်ထားရှိမှု မြင်ကွင်းများ















ကရာတေးဒိုသရုပ်ပြသနေစဉ်။





အားကစားခန်းမ။

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၂/၂၀၂၀) ကျင်းပ

## ဓာတ်ခွဲနမူနာများအနက် ခုနစ်ခုမှာ 2019-nCoV ရောဂါပိုးမတွေ့ရှိဟု အဖြေရရှိပြီး ကျန်ရှိသောဓာတ်ခွဲနမူနာများအတွက် အဖြေစောင့်ဆိုင်းဆဲဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၈

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုဝန်ကြီး ဧည့်ရိပ်သာခန်းမ၌ ကျင်းပခဲ့သည့် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၂/၂၀၂၀)** (ယာပုံ) **သို့ တက်ရောက်သည်။**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအချိန်၌ မိမိတို့သည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဌာနများနှင့် လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ခံနိုင်ဖွယ်ရှိသည့် အဆင့်သို့ ရောက်ရှိနေသည်ဟု သုံးသပ်နိုင်ပါကြောင်း၊ ယခုအချိန်၌ အားဖြည့်ဆောင်ရွက်ရန် အထူးအရေးကြီးသည့်ကိစ္စရပ်မှာ ရောဂါဖြစ်ပွားသူများ ရုတ်တရက်များပြားစွာ ပေါ်ပေါက်လာပါက ၎င်းတို့အားအချိန်နှင့်တစ်ပြေးညီ စောစီးစွာဖြင့် အရည်အသွေးပြည့်ဝသော ကုသမှုများပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် ဖြစ်ပါကြောင်း၊ ဝေဘာဂီအထူးကုဆေးရုံအပါအဝင် ဝန်ကြီးဌာနဆေးရုံများ၌ လူနာများ ပေါ်ပေါက်လာပါက အရေးပေါ်ကြပ်မတ်ကုသမှု၌ အသုံးပြုရန် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို လုံလောက်စွာ ရှိစေရန်နှင့် အဆင်သင့်ဖြစ်စေရန် အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်အတွက် မိမိတို့လက်ဝယ်ရှိနေသော ပြည်သူများမှ လှူဒါန်းငွေများအပြင် နိုင်ငံတော်အစိုးရက ပေးအပ်ထားသော အရေးပေါ်ရန်ပုံငွေမှ အမြန်ဆုံး ဝယ်ယူဖြည့်တင်းလျက်ရှိနေပါကြောင်း။

### ကျေနပ်မှုရှိ

ဝန်ကြီးဌာန ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်ဒေသများအားလုံးမှ ဝန်ထမ်းများသည် နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်နေမှုများကို သုံးသပ်ကြည့်ရှုရာ ကျေနပ်မှုရှိပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ဖေဖော်ဝါရီ ၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထွက်ခွာလာသော လေယာဉ်နှစ်စင်းမှ ခရီးသည် စုစုပေါင်း ၁၁၇ ဦးသာ ဝင်ရောက်လာခြင်းသည် ယခင်ကထက် သိသာစွာလျော့နည်းသွားခြင်းဖြစ်ပြီး ယခုကဲ့သို့ ရောဂါပြန့်ပွားကူးစက်မှု ဖြစ်ပေါ်နေသောကာလအတွင်း ရောဂါကာကွယ်ထိန်းချုပ်မှုရှုထောင့်မှ ကြည့်လျှင် ကောင်းမွန်သော လက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းခရီးသည်များ တည်းခိုနေထိုင်သည့် ဟိုတယ်၊ တည်းခိုခန်းများသို့ ရောဂါစောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံတကာမှ ခရီးသည်များ၏ ရာခိုင်နှုန်းများစွာသည် ၎င်းတို့ ယခင်ကတည်းက ငှားရမ်းထားသည့်အိမ်များသို့ သွားရောက်နေထိုင်သည်ကို တွေ့ရှိရပါကြောင်း။

### ပညာပေးလုပ်ငန်းများ ပြုလုပ်လျက်ရှိ

မိမိတို့၏ ဝန်ထမ်းများသည် ထိုသို့ နိုင်ငံတကာမှ ပြည်တွင်းသို့ ဝင်ရောက်လာသူများ နေထိုင်ရာ ရပ်ကွက်များ၌ ပညာပေးလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသဖြင့် ကျေနပ်မှုရှိပါကြောင်း၊ မိမိတို့၏ ဝန်ထမ်းများအနေဖြင့် တည်းခိုခန်းနှင့် ဟိုတယ်များမှ ဝန်ထမ်းများအား "ရောဂါ၏ သံသယလက္ခဏာရှိသူများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရန်မှာ အထူးအရေးကြီးကြောင်း၊ သို့မှသာ ရောဂါဖြစ်ပွားသူမှ တည်းခိုခန်းနှင့် ဟိုတယ်ဝန်ထမ်းများအပါအဝင် အခြားသူများထံ ရောဂါ ကူးစက်ပြန့်ပွားခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း" တို့ကို အမြဲတမ်းအသိပေးနှိုးဆော် ပြောကြားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုပြီးဖြစ်သည့် တရုတ်ဘာသာဖြင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများ တည်းခိုရာ၊ နေထိုင်ရာနေရာများနှင့် ရပ်ကွက်များတွင် ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဖြန့်ဝေထားပြီးသော ကျန်းမာရေးအသိပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင်များအား ပြည်သူလူထုမှ ဖတ်ရှုမှု၊ နားလည်မှုနှင့် အမှန်တကယ်လက်တွေ့ အသုံးချဆောင်ရွက်မှု အခြေအနေများကို အသုံးချသုတေသနဖြင့် ရက်ပိုင်းအတွင်း သိရှိရန် ဆောင်ရွက်ဆန်းစစ်ရမည်ဖြစ်ပါကြောင်း၊ တွေ့ရှိချက်များအပေါ် မူတည်၍ လိုအပ်သလိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### ပူးပေါင်းလုပ်ကိုင်နေမှု

ယခုအချိန်၌ ဤရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ များစွာသော လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နေမှုရှိသဖြင့် စနစ်တကျတာဝန်ခွဲဝေ သတ်မှတ်၍ ဆောင်ရွက်မှသာလျှင် ထိရောက်သော အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဤကိစ္စကို ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများမှ ကြီးကြပ်ပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ဤရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တွေ့ရှိရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ ပြဿနာများကို အမြန်ဆုံးသုံးရက်အတွင်း ဆန်းစစ်ကာ မိမိတို့ ဗဟိုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လိုအပ်သောပြုပြင်မှု၊ လုပ်ငန်းလမ်းညွှန်မှုများကို ချက်ချင်းပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုရှိသော ပြည်ပနိုင်ငံများမှ လာရောက်သူများအား ခွဲခြား၍ ဆက်ဆံခြင်းများ(Stigmatization) များ မရှိစေရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ထိုသို့ ခွဲခြားဆက်ဆံမှုများသည် ဤရောဂါကာကွယ်ထိန်းချုပ်မှု၌ အကျိုးမရှိသည့်အပြင် မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားနိုင်သည်ကို ပြည်သူများမှ သိရှိရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သက်ဆိုင်ရာမြို့နယ်ဆရာဝန်များမှ ဦးဆောင်၍ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေး ဆရာမ၊ သူနာပြု၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁)၊ သားဖွားဆရာမနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) များသည် သက်ဆိုင်ရာမြို့နယ်အတွင်း၌ရှိသော ဟိုတယ်နှင့် တည်းခိုခန်းများ၊ အခြားနိုင်ငံမှ လာရောက်သူများ အများဆုံး နေထိုင်သည့် ရပ်ကွက်များသို့ ကွင်းဆင်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### စောစီးစွာထောက်လှမ်းနိုင်ရေး

ဤကိစ္စရပ်သည် ရောဂါဖြစ်ပွားသူများကို စောစီးစွာထောက်လှမ်းနိုင်ရေးအတွက် အရေးကြီးသဖြင့် အထူးဦးစားပေးအနေဖြင့် ယနေ့မှစ၍ မြို့နယ်ဆရာဝန်များကို တာဝန်ပေးအပ် ဆောင်ရွက်စေလိုပါကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေး ဝန်ထမ်းများ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများမှ ဦးစီး၍ အနီးကပ်ညွှန်ကြားဆောင်ရွက်စေလိုပါကြောင်း၊ ကွန်ပျူတာဖြင့် မျှော်မှန်းတွက်ချက်ခြင်း လုပ်ဆောင်ရာ၌ ဤရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားဖြစ်ပွားနိုင်ခြေရှိသူများထံ ကူးစက်ပျံ့နှံ့နိုင်မှုအခြေခံနှုန်း (အာရ်သုည) တန်ဖိုးသည် အခြားကူးစက်မြန်ရောဂါများထက် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် ရောဂါဖြစ်ပွားမှုသံသယရှိသူများအား အခြားသူများနှင့် ထိတွေ့မှုမရှိစေဘဲ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုမှုမှာ အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် ပြည်သူများကို အထူးသဖြင့် ပြောကြားလိုသည်မှာ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိကို ၁၄ ရက်တာကာလ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine)နှင့် သီးခြားခန်းတွင် ထားရှိခြင်းသည် ဤရောဂါကာကွယ်ထိန်းချုပ်မှု၌ အကျိုးရှိသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း။

### ချက်ချင်းကုသမှုပေးနိုင်

ထိုသို့ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိစောင့်ကြပ်ကြည့်ရှုခြင်းခံရသူတွင် အကယ်၍ 2019–nCoV လတ်တလောအသက်ရှူလမ်းကြောင်း ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ချက်ချင်းကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေ နည်းပါးသည့်အပြင် ၎င်းမှတစ်ဆင့် အတူနေထိုင်သော မိသားစုများနှင့် မိတ်ဆွေများထံသို့ ကူးစက်မှု မဖြစ်ပွားနိုင်တော့သဖြင့် အားလုံးအတွက် အကျိုးရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ စောင့်ကြည့်လူနာများတွင် 2019–nCoV ရောဂါပိုးရှိ၊ မရှိဓာတ်ခွဲစမ်းသပ်မှု၌ ဤရောဂါပိုး မရှိသဖြင့် ဆေးရုံမှ ဆင်းခွင့်ရသောသူများကိုလည်း လိုက်နာဆောင်ရွက်ရမည့် အချက်များကို နှုတ်ဖြင့် ပြောကြားသည့်အပြင် လက်ကမ်းစာစောင်ကိုလည်း ပြုစုထားရှိပြီး ပေးဝေလျက်ရှိပါကြောင်း၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်စာအုပ်များ၊ စံလုပ်ထုံးလုပ်နည်းများကို ပြုစုထုတ်ဝေ၍ ဖြန့်ဝေလျက်ရှိရာ ဤလမ်းညွှန်များကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များ၌ ဆောင်ရွက်ရန်ကိစ္စကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက စီမံကြပ်မတ်၍ ဆောင်ရွက်စေလိုပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနမှ ထုတ်ဝေထားသော ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးနှင့် ဓာတ်ခွဲနမူနာရယူခြင်း လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်စာအုပ်များ၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ သုံးသပ်၍ လိုအပ်လျှင် လိုအပ်သလို ပြုပြင်ထုတ်ဝေရမည်မှာ ရောဂါဗေဒဆိုင်ရာ သဘောတရားနိယာမအရ အလွန်အရေးကြီးပါသဖြင့် တာဝန်ရှိသူ အသီးသီး က ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထု နားလည်နိုင်မည့် သတင်းအချက်အလက်များကို မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အသိပညာပေးစကားဝိုင်းငယ်များပြုလုပ်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို အရှိန်အဟုန်မပြတ် ဆက်လက်လုပ်ဆောင်စေလိုပါကြောင်း။

### နေ့စဉ်မှတ်တမ်းထားရှိ

မိမိတို့ လုပ်ဆောင်ထားရှိသည့် အချက်များကို နေ့စဉ်မှတ်တမ်းထားရှိပြီး ဆောင်ရွက်ချက်ပြီးစီးမှု ရှိ၊ မရှိကိုလည်း အမြဲတမ်းကြီးကြပ်ဆန်းစစ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်စေလိုကြောင်း၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပံ့ပိုးရန် ကတိပြုထားသော နယ်စပ်၊ ဝင်ပေါက်/ထွက်ပေါက်များတွင် အသုံးပြုသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်ရာတွင် အသုံးပြုသည့် ရောဂါပိုးရှာဖွေရန် ဓာတ်ခွဲပစ္စည်းများနှင့် ဆေးရုံများတွင် အသုံးပြုရန် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ အမြန်ဆုံးရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များ၊ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် သံသယလူနာနှင့် စောင့်ကြည့်လူနာများတွေ့ပါက လူနာညွှန်းပို့ရမည့် သတ်မှတ်ဆေးရုံများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ သိရှိစေရန်အတွက် ကြိုတင်အကြောင်းကြားထားရမည် ဖြစ်ပါကြောင်း။

### အမြန်ဆုံးတင်ပြရမည်

ဆေးရုံကြီးများအနေဖြင့် ရောဂါကုသရေးလုပ်ငန်းရှုထောင့်နှင့် ပတ်သက်ပြီး မိမိတို့ ဆေးရုံတွင် ပြင်ဆင်ထားရှိမှုများ၊ လိုအပ်ချက်များနှင့် နယ်စပ်ဒေသများရှိ ဆေးရုံများတွင် ထားရှိရန် ထပ်မံလိုအပ်မည့် ပစ္စည်း ကိရိယာများကို အမြန်ဆုံးတင်ပြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှလည်း ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ယခု မြန်မာနိုင်ငံမှ 2019–nCoV လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ရှိ၊ မရှိရည်ညွှန်း ဓာတ်ခွဲခန်းသို့ ပေးပို့ခဲ့သော ဓာတ်ခွဲနမူနာများအနက် ခုနစ်ခုမှာ 2019–nCoV ရောဂါပိုး မတွေ့ရှိဟု အဖြေရရှိပြီး ကျန်ရှိသော ဓာတ်ခွဲနမူနာများအတွက် အဖြေစောင့်ဆိုင်းဆဲ ဖြစ်ပါကြောင်း၊ ဆက်လက်ပေးပို့မည့် ဓာတ်ခွဲနမူနာများအတွက် ချိန်ကိုက်နမူနာရယူမှုများ ပိုမိုတိကျမှန်ကန်ရန်အတွက်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းထံမှ အကြံဉာဏ်များ အမြန်ဆုံးရယူစေလိုပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

# ကရင်ပြည်နယ်တွင် တိုက်ပွဲရှောင်ပြည်တွင်းနေရပ်စွန့်ခွာသူ(IDP)များ ပြန်လည်နေရာချထားရေးကို အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရန် ကွင်းဆင်းညှိနှိုင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်တွင်း နေရပ်စွန့်ခွာသူများ၏ စခန်းများကို ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ပိတ်သိမ်းဆောင်ရွက်နိုင်ရေးအတွက် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော်၊ မြိုင်ကြီးငူအထူးဒေသသို့ ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှု ညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိုင်ကြီးငူအထူးဒေသရှိ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအရှင်ဥတ္တမတထံသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကရင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများအား ပြန်လည်နေရာချထားပေးရေးနှင့် ယာယီခိုလှုံရာစခန်းများကို စနစ်တကျပိတ်သိမ်းရေး လုပ်ငန်းများကို အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ပေးမည့်ကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ဆရာတော်၏အကြံပြုမှုများ ရယူခဲ့ကြသည်။

ထို့နောက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် မြိုင်ကြီးငူအထူးဒေသတွင် ရောက်ရှိနေကြသော ပြည်တွင်းနေရပ်စွန့်ခွာကြသည့် တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူ ၅၂၈၁ ဦးအတွက် တစ်လစာ ဆန်ရိက္ခာဖိုး ငွေကျပ် ၄၇၅၂၉၀၀၀ ကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်ပွဲရှောင်ကျေးရွာ ၂၄ ရွာ၏ ရွာလူကြီးများနှင့် တွေ့ဆုံ၍ အကြောင်းအမျိုးမျိုးကြောင့် ယာယီခိုလှုံရာစခန်းများသို့ လာရောက်နေထိုင်ကြသော မိမိတို့၏တိုင်းရင်းသားပြည်သူများနှင့် မျိုးဆက်သစ်ကလေး သူငယ်များအတွက် ပိုမိုကောင်းမွန်သောအခြေအနေများကို ဖန်တီးပေးနိုင်ရန် အစိုးရကဦးဆောင်ပြီး အားလုံးပူးပေါင်းမှုဖြင့် ဆောင်ရွက်မည့်အစီအစဉ်များကို လာရောက်ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်ရှိသော ယာယီခိုလှုံရာစခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်နိုင်ရန် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊

တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဘေးကင်းလုံခြုံမှုရှိရေး၊ ဂုဏ်သိက္ခာရှိရေးနှင့် မှီခိုမှုကင်းသော ဘဝများ ပြန်လည်ရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ပြန်လည်နေရာချထားရေး နေရာရွေးချယ်ရာတွင် မိမိတို့မူလနေထိုင်ရာဒေသ (သို့မဟုတ်) မူလနေထိုင်ရာဒေသနှင့် အနီးစပ်ဆုံးနေရာ (သို့မဟုတ်) အားလုံးသဘောတူရွေးချယ်မှုများဖြင့် သင့်လျော်သည်ဟု သတ်မှတ်သောနေရာများဖြစ်ကြောင်း၊ အဆိုပါကိစ္စများအတွက် တိုက်ပွဲရှောင်တိုင်းရင်းသား ပြည်သူများ၏ သဘောထားအမြင်များကို သိရှိလို၍ လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း။

အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်မှစ၍ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဆက်စပ်ပါကြောင်း၊ ကရင်ပြည်နယ်သည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ စံနမူနာပြဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ငြိမ်းချမ်းသည့်အခြေအနေကို ဆက်လက်တည်မြဲအောင် ထိန်းသိမ်းပေးကြပါရန် တိုက်တွန်းလိုပါကြောင်း၊ ယခု လာရောက်ဆွေးနွေးခြင်းသည် ပြည်ထောင်စုသားချင်းများအားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင် အားလုံးသာတူညီမျှခံစားရရှိရေးအတွက် ဆောင်ရွက်ခြင်း၏ ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မိမိတို့၏အကျိုးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က တိုက်ပွဲရှောင်တိုင်းရင်းသား ပြည်သူများအတွက် ယခုထက် သာလွန်ကောင်းမွန်သောနေရာများ၊ အခြေအနေများ ဖန်တီးဆောင်ရွက်ပေးရန် လာရောက်ဆွေးနွေးခြင်းဖြစ်ရာ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် စဉ်းစားပေး၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြိုင်ကြီးငူ၊ အေးလင်းသာယာကွင်း တိုက်ပွဲရှောင် စခန်းသို့သွားရောက်ပြီး တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းသည်။

**အခြေကျ ဖွံ့ဖြိုးတိုးတက်စေရန်**

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ယခုယာယီခိုလှုံရာစခန်း၌ ကလေးသူငယ်များ အများအပြားတွေ့ရှိရပါကြောင်း၊ မိမိတို့၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးသူငယ်များ၏အနာဂတ်သည် အရေးကြီးပါကြောင်း၊ ၎င်းတို့၏ ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကိုယ်ခန္ဓာ ပုံမှန်ကြီးထွားစေရေး ဆောင်ရွက်ပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ခြင်းနှင့် ပညာပေးအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်လည်း ဦးစားပေးအဆင့် အကျိုးခံစားခွင့်ရရှိလျက်ရှိပါကြောင်း၊ ထို့အပြင် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ မသန်စွမ်းသူများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ရပ်တည်မှုအတွက် အလုပ်လုပ်ကြရသည်ဖြစ်ရာ အသိပညာ အတတ်ပညာများနှင့် အသက်မွေးဝမ်းကျောင်းပညာများ ရရှိရန်လည်းလိုပါကြောင်း၊ ထို့အတွက် အစိုးရအနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ယခု ယာယီခိုလှုံရာ စခန်းများတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် အတည်တကျနေရာ၊ အလုပ်အကိုင်အခွင့်အလမ်းများဖြင့် အခြေကျ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရက စီမံချက်ဖြင့်ဆောင်ရွက်ပေးမည်ဖြစ်ရာ ပူးပေါင်းပါဝင်ပေးရန်နှင့် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ယာယီခိုလှုံရာစခန်းတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ လာရောက်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ပါက တိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများအတွက် မြေနေရာ၊ နေအိမ်အဆောက်အဦ၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်ပေးမည်ကို မေးမြန်းရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မဟာဗျူဟာနှင့်အညီ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အစိုးရ၊ ပြည်သူနှင့် ပြည်တွင်း ပြည်ပ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ စနစ်တကျဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန် အားလုံး၏ သဘောတူညီချက်များရရှိရန် လိုအပ်ပြီး ပူးပေါင်းပါဝင်မှု လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စခန်းရှိ ကျောင်းသား ကျောင်းသူ ၂၆၁ ဦးအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း၊ စခန်းရှိပြည်သူများအတွက် အဝတ်အထည်များ ထောက်ပံ့ခြင်း၊ မိုင်းထိလူနာတစ်ဦးအတွက် ငွေကျပ်နှစ်သိန်း ထောက်ပံ့ခြင်းနှင့် ကလေးသူငယ်များအတွက် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြန်လည်နေရာချထားရန် လျာထားသည့် ကျောက်စာကွင်းအရှေ့ မြေနေရာနှင့် ရက်ကန်းပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးမည့် ရက်ကန်းရုံနေရာများကို သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်း ယာယီခိုလှုံရာ စခန်းများရှိ တိုက်ပွဲရှောင်တိုင်းရင်းသား ပြည်သူများအား ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်နိုင်ရန် ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း အဆောက်အဦတည်ဆောက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

**လက်ဆင့်ကမ်းအမွေပေးနိုင်ရေး**

ဆက်လက်ပြီး ဘားအံမြို့ ဓမ္မဝိဇယရုံသီပါရီကျောင်းတိုက်၌ ဖွင့်လှစ်လျက်ရှိသော ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းသို့ ရောက်ရှိပြီး သင်တန်းသားများအား တွေ့ဆုံ၍ မူးယစ်သံသရာ ပြန်မလည်စေရေးနှင့် မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအား ကောင်းမွန်သော လက်ဆင့်ကမ်းအမွေများ ပေးနိုင်ရေးအတွက် ကိုယ်တိုင်က ကြိုးစားကြစေလိုကြောင်း အားပေးစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ လုပ်ဆောင်ချက်များကို ဖတ်ရှုရလွယ်ကူစေရန် အကျဉ်းချုံးပြုစု၍ အခြားတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသို့ ပေးပို့စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ အားလုံးကို ယခုလုပ်ဆောင်နေသော လုပ်ငန်းများသည် ပြည်သူများအားလုံး အကျိုးအတွက် ဆောင်ရွက်နေသည်ကို နှလုံးသွင်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဌာနခွဲ၊ ကုသရေး၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန စသည့်ဌာနခွဲနှင့် ကဏ္ဍများမှ တာဝန်ရှိသူများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ရောဂါကုသမှုဆိုင်ရာအတွက် ကုသရေးရှုထောင့်မှ သုံးသပ်ချက်များ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ် ဝင်/ထွက်ပေါက်များမှ ဝင်ထွက်သွားလာမှု စာရင်းဇယားများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုဆောင်ရွက်မှု အချက်အလက်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော ရောဂါစောင့်ကြပ်ကြည့်ရှုရေး ဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှု အခြေအနေများ၊ သံသယလူနာများနှင့် စောင့်ကြပ်ကြည့်ရှုလူနာများ၏ ကျန်းမာရေးအခြေအနေများ၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှု အခြေအနေများ စသည်တို့ အပါအဝင် နောက်ဆုံး သတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ပါမောက္ခချုပ်/ ဆေးရုံအုပ်ကြီး (ရန်ကုန်ဆေးရုံကြီး) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ)၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ပါမောက္ခချုပ် (ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ ညွှန်ကြားရေးမှူး(ကုသရေး)၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကူးစက်ရောဂါကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ ကျန်းမာရေးနှင့် အသိပညာ မြှင့်တင်ရေး ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

**သတင်းစဉ်**

# (၆) ကြိမ်မြောက် မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အပြည်ပြည်ဆိုင်ရာဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**
(၆) ကြိမ်မြောက် မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အပြည်ပြည်ဆိုင်ရာ ဆေးပညာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက Wyndham Grand Yangon Hotel ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် အစာအိမ်၊ အူလမ်းကြောင်းရောဂါနှင့် အသည်းရောဂါများ ဖြစ်ပွားမှုသည် များပြားလျက်ရှိပြီး ရောဂါဖြစ်ပွားသူများတွင် ဘဝနေထိုင်မှုအရည်အသွေးကျဆင်းခြင်းနှင့် အရွယ်မတိုင်ခင် သေဆုံးခြင်းတို့ ဖြစ်ပွားရုံသာမက ရောဂါဖြစ်ပွားသူများ၏ မိသားစုများတွင်လည်း ထိခိုက်ဆုံးရှုံးမှုများ ခံစားရပါကြောင်း၊ ယခုဆေးပညာ နှီးနှောဖလှယ်ပွဲ၌ နိုင်ငံတကာနှင့် ပြည်တွင်းမှ ဆေးပညာရှင်များက အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ ဆေးပညာရပ်များ၊ လက်တွေ့အတွေ့ အကြုံများနှင့် ပတ်သက်၍ ဆွေးနွေးဖလှယ်ခြင်းများ ကို ပြုလုပ်သွားမည်ဖြစ်သဖြင့် ပညာရပ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာများ ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း။

အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ ကုသရေးသာမက ရောဂါကာကွယ်ရေးလုပ်ငန်းများသည်လည်း ညီတူညီမျှအရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကလေးငယ်များ မွေးဖွားပြီး ၂၄ နာရီအတွင်း အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိပြီး အဆိုပါ ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံမှုအားကောင်းစေရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ်ဆေး လွှမ်းခြုံမှုအားကောင်းခြင်းဖြင့် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာရောဂါများ ဖြစ်ပွားမှုများ ကျဆင်းလာမည် ဖြစ်ပါကြောင်း။

**ချီးကျူးဂုဏ်ပြု**

ကလေးငယ်များ ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်နိုင်သည့် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကိုလည်း ယခုလအတွင်း တစ်နိုင်ငံလုံး စတင်တိုက်ကျွေးလျက်ရှိပြီဖြစ်၍ ကလေးငယ်များတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှုများလည်း လျော့နည်းကျဆင်းလာမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် နှစ် (၂၀) ကာလအတွင်း အဖွဲ့ဝင်များ၏ စည်းလုံးညီညွတ်မှုများဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ၊ သင်တန်းများ များစွာဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ အငြိမ်းစားဆေးပညာရှင်များနှင့် အစာအိမ်နှင့် အူလမ်းကြောင်း ဆေးပညာပါရဂူဘွဲ့ရရှိသူ ၄၀ ဦး၊ အသည်းရောဂါ ဆေးပညာပါရဂူဘွဲ့ရရှိသူ ၂၀ အပါအဝင် မျိုးဆက်သစ်ဆေးပညာရှင်များအနေဖြင့် စုစည်းညီညွတ်စွာဖြင့် ပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုဆေးပညာနှီးနှောဖလှယ်ပွဲအကြိုအဖြစ် အစာအိမ်၊ အူလမ်းကြောင်း မှန်ပြောင်း လက်တွေ့သင်တန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းသည် ကောင်းမွန်ပါကြောင်း။

အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါကုသရေးလုပ်ငန်းများတွင် ဆရာဝန်များ သာမက သူနာပြုများနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ အဆိုပါပညာရှင်များ ပညာရပ်ကျွမ်းကျင်မှု စွမ်းဆောင်ရည်မြင့်မားရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုဆေးပညာနှီးနှောဖလှယ်ပွဲ၏ အကြောင်းအရာခေါင်းစဉ်ဖြစ်သော "ရည်ရွယ်မျှော်မှန်းချက်များဝေမျှကာ အနာဂတ်ပုံဖော်ဆောင်ရွက်မှာ" နှင့်အညီ မိမိတို့ ဆေးပညာဘာသာရပ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ၊ ရည်ရွယ်မျှော်မှန်းချက်များ ဝေမျှဆွေးနွေးကာ ရေရှည်ကာလအတွက် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်သွားရန် များစွာအထောက်အကူပြုသည်ဖြစ်ပါ၍ အခြားပညာရပ်ဆိုင်ရာအဖွဲ့များအနေဖြင့်လည်း ယခုကဲ့သို့ ဆေးပညာနှီးနှောဖလှယ်ပွဲများကို ပြုလုပ်ကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ယခုဘဏ္ဍာနှစ်အထိ ငွေကျပ်သန်း ၆၀၀၀ ကို ခွဲဝေချထားပေးခဲ့ပါကြောင်း။

ယခုဆေးပညာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ဆေးပညာရှင်များအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများ ကောင်းမွန်စေလိုပြီး ကုထုံးဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာမှ ဆေးရုံများ၊ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပေါင်းစုံလေ့လာမှု သုတေသနများကိုလည်း လုပ်ဆောင်သွားစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များထံ Mobile Tablet များ ဖြန့်ဝေပေးကာ ပြည်သူများအတွက် ကျန်းမာရေးစကားဝိုင်းများ ပြုလုပ်ပြီး ကျန်းမာရေးအသိပညာမြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့အနေဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ အခြားပညာရပ်ဆိုင်ရာအဖွဲ့များ၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းတို့နှင့် ပူးပေါင်း၍ အမှတ်ပေးမှတ်တမ်းတင်သည့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုများကို ပိုမိုလုပ်ဆောင်သွားစေလိုပါကြောင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသကဲ့သို့ အစာအိမ်၊ အူလမ်းကြောင်းရောဂါဘုတ်အဖွဲ့ အသိအမှတ်ပြု အထူးကုဆရာဝန်နှင့် အသည်းရောဂါဘုတ်အဖွဲ့အသိအမှတ်ပြု အထူးကုဆရာဝန်များအဖြစ် မွေးထုတ်လေ့ကျင့်နိုင်ရေးအတွက်ကိုလည်း စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း။

ယခုဆေးပညာနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးပို့ချမှုများကို မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆေးပညာရှင်များ သိရှိလေ့လာနိုင်ရန်အတွက် ရုပ်သံမှတ်တမ်း ရိုက်ကူးကာ မြန်မာနိုင်ငံဆရာဝန်အသင်းမှတစ်ဆင့် ဖြန့်ဝေပေးသွားစေလိုပါကြောင်း၊ အငြိမ်းစားဆေးပညာရှင်များ၊ မျိုးဆက်သစ်ဆေးပညာရှင်များ၊ ဆေးနှင့် ဆေးနီးနွယ်အသင်းအဖွဲ့များ အားလုံးလက်တွဲပူးပေါင်း၍ ပြည်သူများတွင် အစာအိမ်၊အူလမ်းကြောင်းနှင့် အသည်းရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့မှ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းမြင့်နှင့် ဆေးပညာနှီးနှောဖလှယ်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ နွယ်နီတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ဥက္ကဋ္ဌ၊ ဆေးပညာနှီးနှောဖလှယ်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့နှင့်အတူ ဆေးပညာနှီးနှောဖလှယ်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**


အဆိုပါ ဆေးပညာနှီးနှောဖလှယ်ပွဲသို့ ဩစတြေးလျ၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကနေဒါ၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်၊ ရုရှား၊ နယ်သာလန် ၊ မြန်မာနိုင်ငံနှင့် ဟောင်ကောင်တို့မှ ပညာရှင် စုစုပေါင်း ၄၀၀ ခန့် တက်ရောက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**
ချင်းပြည်နယ်(မြောက်ပိုင်း) မင်းတပ်ခရိုင် မတူပီ -ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) သည် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ **(အောက်ပုံ)** ပြည်သူများ အသုံးပြုသွားလာနိုင်ရန် မကြာမီဖွင့်လှစ်တော့မည် ဖြစ်သည်။

ပလက်ဝမြို့သည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ၅၄ မိုင်ခန့် ဝေးပြီး ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ပလက်ဝမြို့သို့ ကုန်းလမ်းခရီးဖြင့်လာပါက ကုလားတန်မြစ်၏ အရှေ့ဘက်ကမ်းအထိသာ မော်တော်ယာဉ်များ သွားလာ၍ရရှိပြီး စက်လှေဖြင့် ရေကြောင်းခရီး လေးမိုင်ခန့် ထပ်မံစီးမှသာလျှင် ပလက်ဝမြို့သို့ ရောက်ရှိသည်။ သို့ဖြစ်၍ ပလက်ဝမြို့ရှိ ပြည်သူများ သွားလာရေးလွယ်ကူစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) က ၁-၅-၂၀၁၇ မှ စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



တံတားအရှည်မှာ ၅၉၂ မီတာ (၁၉၄၂ ပေ) ဖြစ်ပြီး ယခုအခါတွင် ပင်မတံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ဆက်လက်၍ ပင်မတံတားသံပေါင်ပေါ်တွင် သံကူကွန်ကရစ်ကြမ်းခင်း ကျောက်ပြားခင်းခြင်းလုပ်ငန်း၊ လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်းနှင့် အချောသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တံတားကြီး တည်ဆောက်ပြီးစီးပါက ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် စစ်တွေမြို့သို့ လည်းကောင်း၊ ချင်းပြည်နယ် မတူပီမြို့၊ မင်းတပ်မြို့နှင့် ဟားခါးမြို့သို့ လည်းကောင်း ကုန်းလမ်းခရီးဖြင့် အချိန်မရွေးသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်ခြင်းနှင့် ပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း မြန်မာ့ရိုးရာ ထမနဲပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**
မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အသင်းရုံးရှိ မြတ်မွန်ရတနာခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက မြို့မဟောင်း ထမနဲပွဲ ကျင်းပရခြင်းအကြောင်း ပြောကြားသည်။

နံနက်ပိုင်းတွင် မြို့မကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်းကာ မြန်မာ့ရိုးရာထမနဲဒယ်ပေါင်း ၄၂ ဒယ်ထိုး၍ အလှူဒါနပြုကြသည်။ ဆက်လက်၍ အိမ်တော်ရာဘုရားတွင် ထမနဲဆွမ်းများ ကပ်လှူပူဇော်ပြီး မွန်းလွဲပိုင်းတွင် တက်ရောက်လာသောမြို့မကျောင်းသား ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသားသစ်များ၊ ဧည့်ပရိသတ်များအား ထမနဲ၊ ဘူးသီးကြော်၊ အချိုရည်များဖြင့် ဧည့်ခံကာ ဖျော်ဖြေရေးအစီအစဉ်များ၊ မြို့မကျောင်းသား ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားသော မြို့မဟောင်းရင်ခွင်အငြိမ့် ဖျော်ဖြေရေးတို့ဖြင့် တင်ဆက်ကြကာ ထမနဲလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

*ကျောဖုံးမှ

စိန်ခေါ်ခွင့်ပေးရန် ယင်းပွဲမတိုင်မီ ကတည်းက ကြေညာထားပြီး အနိုင်ရသည့် ဒီရစ်ဒါက အောင်လအန်ဆန်ကို စိန်ခေါ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါက ဘရာဇီးနိုင်ငံသား လီအန်ဒရိုကို အနိုင်ရခဲ့သောကြောင့် အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ရယူနိုင်ခဲ့ပြီး နှစ်နှစ်ကျော် ကာလအတွင်း ချန်ပီယံကာကွယ်ပွဲ သုံးပွဲထိုးသတ်ထားကာ ယခုပွဲမှာ လေးပွဲမြောက် ချန်ပီယံဆု ကာကွယ်ပွဲလည်း ဖြစ်သည်။ အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်အား အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ချန်ပီယံကာကွယ်ပွဲ နှစ်ပွဲ၊ ၂၀၁၉ ခုနှစ်တွင် ချန်ပီယံကာကွယ်ပွဲတစ်ပွဲ ထိုးသတ်ခဲ့သည်။ အောင်လ အန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲများအဖြစ် ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်တွင် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို နောက်ဆုံးအချီတွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် လက်ဘနွန်နိုင်ငံသား ကရာကီကို ပထမအချီတွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို ဒုတိယအချီတွင် လည်းကောင်း သုံးပွဲစလုံး အလဲထိုးများဖြင့် အနိုင်ရခဲ့သည်။

အောင်လအန်ဆန်သည် ၂၀၁၉ ခုနှစ်တွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲတစ်ပွဲနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲတစ်ပွဲ ထိုးသတ်ခဲ့ကာ အောက်တိုဘာ ၁၃ ရက်က နောက်ဆုံးထိုးသတ်သည့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲတွင် စိန်ခေါ်သူဖိလစ်ပိုင် နိုင်ငံသား ဘရန်ဒန်ဗီရာကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု စိန်ခေါ်ခွင့်ရခဲ့သည့် ဒီရစ်ဒါသည် MMA ကစားသမားဘဝ ၁၁ ပွဲစလုံး အနိုင်ရထားသူဖြစ်၍ ၂၀၁၉ ခုနှစ်မှ စတင်ကာ ONE Championship နှင့် လက်တွဲခဲ့ခြင်း ဖြစ်သည်။ ဒီရစ်ဒါသည် ONE Championship နှင့် သုံးပွဲထိုးသတ်ထားသဖြင့် သုံးပွဲစလုံး အနိုင်ရထားကာ လေးပွဲမြောက်တွင် ကမ္ဘာ့ချန်ပီယံဆု စိန်ခေါ်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ONE ၏ ဝိတ်တန်းနှစ်ခု ချန်ပီယံဖြစ်ပြီး လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

○ကျောဖုံးမှ

ကစားပုံမှာ ပြောင်းလဲခြင်းမရှိသောကြောင့် စစ်ကိုင်းအသင်း၏ အလွယ်တကူ ဖျက်ထုတ်ခြင်းခံခဲ့ရကာ စစ်ကိုင်းအသင်းကပင် ဂိုးသွင်းခွင့်ပိုရခဲ့သည်။ စစ်ကိုင်းအသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်၍ တစ်ဂိုးသာ ထပ်ရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် တတိယဂိုးကို ၈၂ မိနစ်တွင် ပက်ထရစ်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက တန်းတက် အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တန်းတက်အား/ကာသိပ္ပံအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း နာမည်ကြီး ရန်ကုန်အသင်းက အမှားအယွင်းမရှိဘဲ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သလို ဒုတိယပိုင်းတွင်လည်း ကြည်လင်းကို လူစားလဲ အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၄၂ မိနစ်တွင် အဘူဘာကာ နှင့် ၅၈ မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့သည်။ အား/ကာသိပ္ပံ အသင်းသည် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသော်လည်း ပြိုင်ဘက်အသင်းကြီးများကို အများဆုံးသွင်းဂိုး နှစ်ဂိုးသာ ခွင့်ပြုရသေးသည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှုံးပွဲဆက်နေသည့် Southern အသင်း၏ ရုန်းကန်မှုကြောင့် ဧရာဝတီအသင်း ခက်ခက်ခဲခဲ ကစားခဲ့ရပြီး နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၅၆ မိနစ်တွင် စွမ်းထက်အောင်က Southern အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ရာ ၈၂ မိနစ်တွင် ဗစ်တာက ဧရာဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးကိုမူ ၉၀ + ၄ မိနစ်တွင် နောက်ခံလူ စိုးမိုးကျော်က ပြစ်ဒဏ်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက မကွေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၅) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၉ ရက်**(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၉-၂-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
၈:၄၀ - "ခွင့်တူညီမျှဝါဒဖြူစင် Federalism"(အပိုင်း-၂)
၁၀:၀၀ - Sunday Talk
၁၂:၃၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
၁၂:၃၅ - This Week's Special Interest
၁၂:၅၀ - ဆေးရောင်စုံရုပ်ရှင် "သိပ်ချစ်နေပြီ" (ရဲအောင်၊ တင့်တင့်ထွန်း) ဒါရိုက်တာ-မောင်ရှိန်း
၁၅:၃၀ - "စည်းလုံးခြင်းရဲ့အရသာ"

**ညပိုင်း**

၁၆: ၂၀- ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
၁၆:၃၅ - "ဖားစည်မြေမှရိုးရာအလှ" (အပိုင်း-၂)
၁၈:၄၅ - "သမိုင်းထဲကပင်လုံမြေ"
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း-၇)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
- "ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် အနုပညာစကားဝိုင်း" (အပိုင်း-၂)
- ဘဝနှင့် အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) "ပြည့်သောအိုးပမာ ပြုကျင့်ပါ"
- မြန်မာဗီဒီယိုဇာတ်လမ်း "ကျေးဇူးရှင်" (အောင်ရဲလင်း၊ ချစ်သုဝေ) ဒါရိုက်တာ-ညိုမင်းလွင်

## မြိတ်မြို့ရှိ နေအိမ်တစ်အိမ်၌ ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းနှင့်ငွေများ လုယူမှုဖြစ်

**မြိတ် ဖေဖော်ဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားနယ်မြေ ကန်ဖျားရပ်ကြီး ရပ်ကွက် ဗိုလ်ဗထူးလမ်းသွယ်(၂) လမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီခွဲခန့်တွင် လူသုံးဦးက ဓားထောက်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများနှင့်ငွေများ လုယူထွက်ပြေးသွားကြောင်း သိရသည်။

ကန်ဖျားရပ်ကြီး ရပ်ကွက် ဗိုလ်ဗထူးလမ်းသွယ် (၂)လမ်းနေ အေးမိုးသူ(၃၀ နှစ်)နှင့် အတူ သုံးနှစ်အရွယ်ကလေးတစ်ဦးနှင့် ရှစ်လအရွယ် ကလေးတစ်ဦးတို့ နေအိမ်တွင် ရှိနေစဉ် အမျိုးသားသုံးဦးက နေအိမ်အတွင်း ဝင်ရောက်ကာ ရှစ်လအရွယ်ကလေးအား ပွေ့ချီ၍ ဓားဖြင့်ထောက်ကာ ခြိမ်းခြောက်ပြောဆိုပြီး ဗီရိုအတွင်းရှိ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ် ၄၀၀၀၀၀ တို့အား လုယူထွက်ပြေးသွားကြောင်း သိရသည်။

အခင်းဖြစ်နေအိမ်သို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုအောင်၊ မှုခင်းရဲတပ်ဖွဲ့(မြိတ်)မှ ဒုရဲမှူး အောင်ထိုက်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ချိုလွင်နှင့် ရဲတပ်ဖွဲ့ဝင်များက ကျူးလွန်သူ အမျိုးသားသုံးဦးကို ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းရှာဖွေနေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း လုယက်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အတွင်း လုယက်မှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ မျိုးမင်းသိန်း(ခ)ပသိုင်းအား ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီက မင်္ဂလာဒုံမြို့နယ် ပေါင်းကူညာဏရပ်ကွက် ပေါင်းကူညာဏလမ်းပေါ်တွင် လည်းကောင်း၊ ရဲရင့်ဖြိုး(ခ)ဆိတ်ပုအား မဥ္ဇူ (၂)လမ်းရှိ ၎င်း၏ နေအိမ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ဆိုင်ကယ်များဖြင့် လှည့်လည်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၃)ရပ်ကွက် သခင်ဗလှိုင်လမ်းပေါ်တွင် အသက်(၇၀နှစ်)ခန့်ရှိ အမျိုးသမီး တစ်ဦးထံမှ ရွှေဆွဲကြိုး တစ်ကုံး၊ ငုဝါလမ်းနှင့် မင်္ဂလာလမ်းထောင့်တွင် အသက် (၄၀ နှစ်) ခန့်ရှိ အမျိုးသမီးတစ်ဦး၏ လည်ပင်းမှ ရွှေဆွဲကြိုးတစ်ကုံး၊ (၃၄)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနှင့် ကျွန်းရွှေဝါလမ်းထောင့်တွင် အသက်(၇၀နှစ်) ခန့်ရှိ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ (၃၈)ရပ်ကွက် မြတ်မင်္ဂလာလမ်းနှင့် ဓမ္မရာဇာလမ်းဆုံတွင် အသက်(၄၅နှစ်)ခန့်ရှိ အမျိုးသမီးတစ်ဦး၏ လည်ပင်းမှ ရွှေဆွဲကြိုး တစ်ကုံးနှင့် (၄၁)ရပ်ကွက် မဟာရန်ကုန်လက်ဖက်ရည်ဆိုင် နောက်ကျောလမ်းအတွင်း အသက်(၄၀ နှစ်) ခန့်ရှိ အမျိုးသမီးတစ်ဦး၏ လည်ပင်းမှ ရွှေဆွဲကြိုးတစ်ကုံး စုစုပေါင်း ရွှေဆွဲကြိုး ငါးကုံးကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ သက်သေခံရွှေထည်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီးဖြစ်၍ ၎င်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ယာဉ်တစ်စီး သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၁၂၃၇ စီး၊ သွင်းကုန် ၁၂၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖမ်းဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော Dihatsu Hijet ယာဉ်တစ်စီးကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စာသင်ကျောင်းဆောင် မီးလောင်နေမှုအား မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

## ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ရေနွေးအိုးတည်ရာမှ မီးလောင်မှုဖြစ်

**ခင်ဦး ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ အောင်သီရိရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၅ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကာ စာသင်ခန်းများနှင့် စာသင်ခုံများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

မီးလောင်သည့်အကြောင်းရင်းမှာ ကျောင်းရှိ ဆရာ၊ ဆရာမများ နားနေခန်း၌ လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်ခြင်းဖြစ်ပြီး မီးလောင်ရာသို့ ခင်ဦးမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်သူခ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် စာသင်ခန်း ငါးခန်းနှင့် စာသင်ခုံ ၄၀ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ကျောင်းညစောင့် ဦးကျော်အေးကို ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



မသန္တာ(ခ)သန္တာစိန်ဖြိုးအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ငဖဲ၊ မဘိမ်းနှင့် မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ည ၁၀ နာရီက မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် နတ်ရေကန် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မသန္တာ(ခ)သန္တာစိန်ဖြိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာ မိုးမိတ်-မဘိမ်းသွားကားလမ်းတွင် နေလင်းဦး မောင်းနှင်ပြီး မစန်းဝေ လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ခန့်တွင် မိုးမိတ်မြို့နယ် မြစ်ဆုံကျေးရွာနေ မသန်းသန်း လွင်(ခ) မသန်းအား ၎င်း၏နေအိမ်၌ လည်းကောင်း၊ ညနေ ၄ နာရီတွင် မြစ်ဆုံကျေးရွာနေ ဝေယံမင်း(ခ) မင်းမင်းအား ၎င်း၏ နေအိမ်၌ လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် မြစ်ဆုံကျေးရွာနေ မလဲ့လဲ့နှင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ ၊ ဘိန်းဖြူ ၀ ဒသမ ၀၅ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရုတ်နိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်မှုအပေါ် ထောက်ခံသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတပြော

**ဆိုးလ် ဖေဖော်ဝါရီ ၈**

တောင်ကိုရီးယားနိုင်ငံသမ္မတ မွန်ဂျေအင်းက တောင်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး အိမ်နီးချင်းနိုင်ငံကို ကူညီခြင်းသည် မိမိနိုင်ငံအတွက်လည်း အထောက်အကူဖြစ်စေသည့်အတွက် တောင်ကိုရီးယားအစိုးရအနေဖြင့် တရုတ်နိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်မှုအပေါ် ဆက်လက်တက်ကြွစွာ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံသမ္မတမွန်ဂျေအင်းက သမ္မတအိမ်တော်တွင် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှင်းဟိုင်းမင်၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်အတွင်း ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မွန်ဂျေအင်းက တရုတ်နိုင်ငံ ပြည်သူလူထုအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ရင်ဆိုင်နေရခြင်းအပေါ် ဝမ်းနည်းမိကြောင်းနှင့် ဝေဒနာရှင်များအား အမြန်ဆုံး ကျန်းမာစေလိုကြောင်း ပြောကြားလိုက်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ ဦးဆောင်မှုအောက်တွင် တရုတ်နိုင်ငံပြည်သူလူထုအနေဖြင့် အခက်အခဲများကို အမြန်ဆုံး ရင်ဆိုင်ဖြေရှင်းနိုင်ကာ ပိုမိုဖွံ့ဖြိုးတိုးတက်သော အခြေအနေတစ်ရပ်ကို အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တောင်ကိုရီးယား-တရုတ်နှစ်နိုင်ငံ ကဏ္ဍစုံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး ရှင်းဟိုင်းမင်က ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသည် လက်ရှိအချိန်တွင် အရေးကြီးသည့်အချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဘက်စုံအတင်းကျပ်ဆုံးသော ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်မှုများပြုလုပ်ထားကြောင်း၊ လက်ရှိအချိန်တွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိထားပြီး တောင်ကိုရီးယားနိုင်ငံအစိုးရနှင့် ကဏ္ဍအသီးသီးရှိ လူပုဂ္ဂိုလ်တို့က တရုတ်နိုင်ငံအပေါ် တက်ကြွစွာ ထောက်ခံအားပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ



တောင်ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မွန်ဂျေအင်းနှင့်ဇနီးတို့ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။

# အမေရိကန်နှင့်စစ်ရေးအရသဘောတူညီမှု အဆုံးသတ်ရန် ဖိလစ်ပိုင်သမ္မတပြောကြား

**မနီလာ ဖေဖော်ဝါရီ ၈**

အမေရိကန်နှင့် ဖိလစ်ပိုင်တို့ကြား တပ်ဖွဲ့ဝင်များ အပြန်အလှန်လည်ပတ်မှုဆိုင်ရာ သဘောတူညီမှု (VFA) ကို အဆုံးသတ်ရန် ဖိလစ်ပိုင်သမ္မတ ဒူတာတေးမှ လိုလားသည်ဟု သမ္မတပြောရေးဆိုခွင့်ရှိသူ ဆယ်ဗာဒါ ပန်နီလိုက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဖိလစ်ပိုင်သမ္မတ၏ သဘောဆန္ဒကို အမေရိကန်သို့ အကြောင်းကြားရန်လည်း နိုင်ငံခြားရေးဝန်ကြီး တီရိုဒိုရီ လော့ဆင်ကို ညွှန်ကြားထားခဲ့သည်။ အမေရိကန်နှင့်သဘောတူညီမှု အဆုံးသတ်မည့်ကိစ္စကို အမေရိကန်ဘက်သို့အကြောင်းကြားထားရန် နိုင်ငံခြားရေးဝန်ကြီး လော့ဆင်ကို ညွှန်ကြားထားကြောင်း ပန်နီလိုက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတဒူတာတေးသည် မကြာမီအချိန်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ စကားပြောဆိုရန်



ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး (ဝဲ) နှင့် နိုင်ငံခြားရေးဝန်ကြီး တီရိုဒိုရီလော့ဆင်တို့ကို အတူတွေ့ရစဉ်။

စီစဉ်ထားကြောင်းကိုလည်း ပန်နီလိုက ဆက်လက်ပြောကြားခဲ့သည်။

အချိန်အတိအကျကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။ သမ္မတဒူတာတေးက VFA ကို အဆုံးသတ်ချင်သည်ဟုပြောကြားကြောင်း၊ သေချာအတည်ပြုရန် မေးမြန်းပြီးနောက် သမ္မတက ၎င်း၏ ဆုံးဖြတ်ချက်ကိုမပြင်ဟု ပြောကြားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ဒယ်ဖင်လိုရန်ဇာနာက ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး လော့ဆင်က သမ္မတ၏ ညွှန်ကြားမှုကို လွှတ်တော်သို့ပြောကြားပြီးနောက် ပန်နီလို၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

သဘောတူညီမှု အဆုံးသတ်ရန် အကြောင်းကြားမည့်ကိစ္စကို ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က လွှတ်တော်တွင် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နှင့် အမေရိကန်တို့အကြား ဆယ်စုနှစ်နှစ်စုကြာ သဘောတူညီမှုအောက်တွင် နှစ်နိုင်ငံစလုံးမှ အပြန်အလှန်စာဖြင့် အကြောင်းကြားခြင်းဖြင့် သဘောတူညီမှုကို အဆုံးသတ်မှုပြုနိုင်သည်။

ဖိလစ်ပိုင်တွင်စစ်ရေးလေ့ကျင့်မှု၌ အမေရိကန်တပ်ဖွဲ့ဝင်များပါဝင်ရန် ခွင့်ပြုမှုကိုလည်း ဖျက်သိမ်းရန်ဆန္ဒရှိကြောင်း ဖိလစ်ပိုင်သမ္မတဒူတာတေးက လွန်ခဲ့သည့်သီတင်းပတ်တွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

## အာကာသအတွင်း အမှိုက်လျှော့ချရန် ဂျပန်နှင့် ကုလသမဂ္ဂတို့ လက်မှတ်ထိုး

**ဗီယင်နာ ဖေဖော်ဝါရီ ၈**

အာကာသအတွင်း အမှိုက်သရိုက်လျှော့ချရေးအတွက် နောက်ဆုံးပြုလုပ်နေသည့် သုတေသနအပေါ် သတင်း အချက်အလက်ဖြန့်ဝေရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးတွဲကြေညာချက် တစ်စောင်မှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲကို ဗီယင်နာမြို့တွင် ရုံးစိုက်သည့် ကုလသမဂ္ဂအာကာသရေးရာဌာန (ယူအင်န်အို အိုအက်စ်အေ)တွင် ယမန်နေ့က ပြုလုပ်ခဲ့သည်။

အာကာသအတွင်း အမှိုက်လျှော့ချရေးကို နိုင်ငံတကာက ပိုမိုသတိပြုမိလာစေရန် ဂျပန်နိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးတွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယခုလိုပူးတွဲ ကြေညာချက်ကို လက်မှတ်ရေးထိုးရာတွင် ဂျပန်နိုင်ငံသည် ပထမဆုံးနိုင်ငံဖြစ်သည်။

အာကာသအတွင်း လှုပ်ရှားမှုများသည် လူမှုအသိုင်းအဝိုင်းနှင့် စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်လာသည့်အချိန်တွင် အာကာသအတွင်း အမှိုက်များသည် ကြီးမားသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အထက်တန်းအရာရှိ တာကဲရှီ ဟီကိကာရက ပြောကြားလိုက်သည်။

အဆိုပါ ပြဿနာနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံက ၎င်း၏ အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို အသုံးပြုကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# ပြီးခဲ့သည့်နှစ်အတွင်း ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀ ကျော်ကို လစ်ဗျားကမ်းခြေစောင့်တပ်မှ ကယ်တင်ခဲ့

**ထရီပိုလီ ဖေဖော်ဝါရီ ၈**

ပြီးခဲ့သည့်နှစ်အတွင်း ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀ ကျော်ကို လစ်ဗျားကမ်းခြေစောင့်တပ်မှ ကယ်တင်ခဲ့သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၆ ရက်အထိ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ ၁၀၄၀ ကို ကယ်ဆယ်ခြင်း သို့မဟုတ် လစ်ဗျားကမ်းခြေစောင့်တပ်မှ ပင်လယ်ပြင်အတွင်း ကြားဖြတ်ဆယ်ယူခဲ့သည်ဟု မှတ်ပုံတင်ထားသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၂၁ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း UNHCR မှ သိရသည်။ လစ်ဗျားနိုင်ငံအတွင်း ခိုလှုံသူများ၊ ဒုက္ခသည်များ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် အမေရိကန်ဒေါ်လာ ၈၅ သန်းလိုအပ်ကြောင်း UNHCR က ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ် လစ်ဗျားခေါင်းဆောင် ကဒါဖီကို ဖြုတ်ချပြီးနောက်ပိုင်းတွင် နိုင်ငံအတွင်း မလုံခြုံမှုများ၊ ပဋိပက္ခများနှင့် ရင်ဆိုင်နေရသည်။

လစ်ဗျားနိုင်ငံသည် ခိုးဝင်နေထိုင်သူများအတွက် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပကမ်းခြေများသို့ သွားရောက်နိုင်ရေး အဓိကလမ်းကြောင်းသဖွယ် ဖြစ်နေသည်။ လစ်ဗျားတွင် ပင်လယ်ပြင်မှ ကယ်တင်လာသည့် ခိုးဝင်နေထိုင်သူများ၊ လစ်ဗျားအာဏာပိုင်များ၏ဖမ်းဆီးခြင်းကို ခံရသူများကို ခိုလှုံရာနေရာများတွင် ထားရှိသည်။ ယင်းစခန်းများမှာလည်း ယခုအခါ လူများနှင့်ပြည့်နှက်နေပြီး အပြည်ပြည်ဆိုင်ရာမှ ယင်းစခန်းများကို ပိတ်ပစ်ရန် တောင်းဆိုခဲ့သော်လည်း ဆက်လက်ဖွင့်ထားဆဲဖြစ်သည်။

ဆင်ဟွာ

# ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရန် အမေရိကန်က အကူအညီ ဒေါ်လာသန်း ၁၀၀ ပေးမည်ဟုကတိပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အမေရိကန်သည် တရုတ်နိုင်ငံနှင့်အခြားသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည့် နိုင်ငံများသို့ အကူအညီ ဒေါ်လာသန်း ၁၀၀ ပေးမည်ဟု ကမ်းလှမ်းထားသည်။

ယခု သီတင်းပတ်အတွင်း တရုတ်နိုင်ငံအတွင်းသို့ ဆေးဝါး ထောက်ပံ့ရေး ပစ္စည်းများကို လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လွန်ခဲ့သည့်လအတွင်းက ကျန်းမာရေးနှင့်လူမှုဝန်ဆောင်ဆိုင်ရာဝန်ကြီး အလက်စ်အဇာကို ကိုရိုနာဗိုင်းရပ်စ် ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းပေးခဲ့သည်။

အမေရိကန်သည် ဆေးဝါး ထောက်ပံ့ရေးပစ္စည်း ၁၈ တန်နီးပါးကို တရုတ်နိုင်ငံသို့ ပေးပို့ပြီးဖြစ်ကြောင်း အမေရိကန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး စတက်ဖန်ဘီဂန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပေးပို့ခဲ့သည့် ကုန်ပစ္စည်းများတွင် နှာခေါင်းစည်းများ၊ ဝတ်ရုံများနှင့်အခြားသောပစ္စည်းများ ပါဝင်သည်။ အမေရိကန် ပုဂ္ဂလိက ကဏ္ဍများမှ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ထောက်ပံ့ရေးပစ္စည်း ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံနေရသည့်အခြားသောနိုင်ငံများသို့ အမေရိကန် ဒေါ်လာသန်း ၁၀၀ အကူအညီပေးသွားရန် ပြင်ဆင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်မှ ကျန်းမာရေးလုပ်သားများနှင့် ဆေးဝါးကျွမ်းကျင်သူများ စေလွှတ်ပေးမည်ဟု တရုတ်နိုင်ငံကို ကမ်းလှမ်းထားသော်လည်း တရုတ်နိုင်ငံဘက်မှ အကြောင်းမပြန်သေးပေ။

အင်န်အိတ်ချ်ကေ

# ကိုရိုနာဗိုင်းရပ်စ် ၂၁ ရာစုအစောပိုင်းကဖြစ်ပွားခဲ့တဲ့ ရောဂါတွေလောက် ကြောက်စရာမကောင်းသေး

ထွန်းသစ်စ

**ဒီနေ့ကမ္ဘာမှာ ကြောက်စရာကောင်းအောင်ဖြစ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်သစ် မပေါ်ပေါက်ခင် အခြားကူးစက်ရောဂါတွေဟာ ၂၁ ရာစုအစောပိုင်းက ဖြစ်ပွားခဲ့ပါသေးတယ်။ အရင်ရာစုတွေကဖြစ်ပွားခဲ့တဲ့ ကူးစက်ရောဂါကြောင့်သေဆုံးခဲ့သူ အရေအတွက်နဲ့ ဒီနေ့ခေတ်သေဆုံးသူအရေအတွက်ကို နှိုင်းယှဉ်ကြည့်ရင် အရင်တုန်းက သေဆုံးသူအရေအတွက် ပိုများခဲ့တယ်လို့ ဆိုပါတယ်။**

**၂၁ ရာစုရဲ့ ကူးစက်ရောဂါများ**

၂၀၁၃-၂၀၁၆ မှာအီဘိုလာရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပါတယ်။ ပြင်းထန်အီဘိုလာကူးစက်ရောဂါဟာ အနောက်အာဖရိကမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှာဖြစ်ပွားခဲ့ပြီး နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပါတယ်။ အီဘိုလာကူးစက်ရောဂါကြောင့် ဂီနီယာ၊ လိုင်ဘေးရီးယားနဲ့ ဆီရီယာလီယွန်နိုင်ငံတွေမှာ လူပေါင်း ၁၁၃၀၀ သေဆုံးခဲ့ပါတယ်။

အီဘိုလာရောဂါကို ၁၉၇၆ ခုနှစ်က ပထမဆုံးဖော်ထုတ်ခဲ့ပါတယ်။ အီဘိုလာရောဂါဟာ အခြားဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားတဲ့ရောဂါတွေထက်စာရင် ကူးစက်မှုနှုန်းနည်းခဲ့တယ်လို့ ဆိုရမှာပါ။ သို့သော်လည်း လူပေါင်း ၄၀ ရာခိုင်နှုန်းလောက် သေဆုံးခဲ့ပါတယ်။

အီဘိုလာဗိုင်းရပ်စ်ကို ၂၀၁၈ ခုနှစ်မှာ ကွန်ဂိုဒီမိုကရက်တစ် ပြည်ထောင်စုအရှေ့ပိုင်းမှာ ပြန်လည်တွေ့ရှိခဲ့ပါတယ်။ အဲဒီမှာဖြစ်ပွားခဲ့တဲ့ အီဘိုလာရောဂါကြောင့် လူပေါင်း ၂၂၀၀ သေဆုံးခဲ့ပါတယ်။

**ဝက်တုပ်ကွေး**

၂၀၀၉-၂၀၁၀မှာ ဝက်တုပ်ကွေးဖြစ်ခဲ့ပါတယ်။ ဝက်တုပ်ကွေးကြောင့် လူပေါင်း ၁၈၅၀၀ ခန့်သေဆုံးခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့ပါတယ်။ အဆိုပါ ဝက်တုပ်ကွေးရောဂါကို မက္ကဆီကိုနဲ့ အမေရိကန်ပြည်ထောင်စုတို့မှာ ၂၀၀၉ ခုနှစ်က ပထမဆုံးတွေ့ရှိခဲ့ပါတယ်။ သို့သော်လည်း လန်ဆက်ဆေးဘက်ဆိုင်ရာစစ်တမ်းမှာတော့ ဝက်တုပ်ကွေး သို့မဟုတ် အိတ်ချ်ဝမ်းအင်န်ဝမ်းကြောင့်သေဆုံးသူဟာ ၁၅၁၇၀၀ ကနေ ၅၇၅၄၀၀ အထိရှိခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ တုပ်ကွေးဆိုင်ရာသတိပေးမှုတွေကို ၂၀၀၉ ခုနှစ်ဇွန်လ ၁၁ ရက်မှာ ပြုလုပ်ခဲ့ပြီးတော့ ၂၀၁၀ ဩဂုတ်လ ၁၀ ရက်မှာရုပ်သိမ်းခဲ့ပါတယ်။ ကာကွယ်ဆေးဝါးတွေလည်း ပြတ်တောက်ခဲ့ပါတယ်။

**ဆားစ်ရောဂါ**

၂၀၀၂-၂၀၀၃ မှာ ဆားစ်ရောဂါ ဖြစ်ပွားခဲ့ပါတယ်။ ဆားစ်ရောဂါကို ပထမဆုံး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်မှာ ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှာ တွေ့ရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၀၃ ခုနှစ် နှစ်လယ်လောက်မှာ အဲဒီရောဂါဟာ တကယ်ကြောက်စရာကောင်းအောင် ပျံ့နှံ့ခဲ့ပြီးတော့ ကျန်းမာရေး အကျပ်အတည်း တစ်ခုလို ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အာရှမှာ အဲဒီရောဂါကြောင့် ပရိဒေဝမီးတွေ တောက်လောင်ခဲ့ပါတယ်။

အဲဒီရောဂါကြောင့် လူဦးရေစုစုပေါင်း ၇၇၄ ဦး သေဆုံးခဲ့ပါတယ်။ အဲဒီထဲက ငါးပုံပုံ လေးပုံလောက်ဟာ တရုတ်နိုင်ငံနဲ့ ဟောင်ကောင်တို့မှာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီရောဂါဟာ လင်းနို့ကနေပြီး လူကို ကူးစက်ခဲ့တာဖြစ်ပါတယ်။ အဲဒီရောဂါဟာ နိုင်ငံပေါင်း ၃၀ နီးပါး ပျံ့နှံ့ခဲ့ပါတယ်။ အဲဒီရောဂါကြောင့် သေဆုံးတဲ့နှုန်းဟာ ၉ ဒသမ ၅ ရာခိုင်နှုန်းလောက်အထိရှိခဲ့ပါတယ်။

**ငှက်တုပ်ကွေး**

၂၀၀၃-၂၀၀၄ မှာ ငှက်တုပ်ကွေးဖြစ်ခဲ့ပါတယ်။ အဲဒီတုပ်ကွေးကို အိတ်ချ်ဖိုက်အင်န်ဝမ်းလို့ ခေါ်ခဲ့ပါတယ်။ အဲဒီငှက်တုပ်ကွေးကြောင့် အထူးသဖြင့် အရှေ့တောင်အာရှမှာ လူပေါင်း ၄၀၀ ထက်မနည်း သေဆုံးခဲ့ပါတယ်။ အဲဒီငှက်တုပ်ကွေးဟာ လူသားတွေကို မကူးစက်မီ ပထမဆုံး ဟောင်ကောင်မွေးမြူရေးခြံတွေက စတင်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဲဒီကို ကမ္ဘာ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါတယ်။ သို့သော်လည်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။



ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို သရုပ်ဖော်ထားသောပုံတစ်ပုံကို တွေ့ရစဉ်။

၁၉၈၁ ခုနှစ်ကနေ အခုအချိန်အထိ အိတ်စ်(အေအိုင်ဒီအက်စ်) ရောဂါဖြစ်ခဲ့ပါတယ်။ ယနေ့အချိန်အထိ သေစေနိုင်တဲ့ ကူးစက်ရောဂါဖြစ်လျက်ရှိဆဲပါ။ ကမ္ဘာတစ်ဝန်းမှာ ဒီရောဂါကြောင့် လူပေါင်း ၃၂ သန်း သေဆုံးခဲ့တယ်လို့ ကုလသမဂ္ဂ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့က ပြောပါတယ်။ လူပေါင်း ၂၄ ဒသမ ၅ သန်းဟာ ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးဆေးတွေ သုံးဆောင်နေရပါတယ်။

**ဟောင်ကောင်တုပ်ကွေး**

၁၉၆၈-၁၉၇၀ မှာ ဟောင်ကောင်တုပ်ကွေး ဖြစ်ခဲ့ပါတယ်။ လူတစ်သန်းလောက် ဒီရောဂါနဲ့သေဆုံးခဲ့တယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောကြားခဲ့ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုဟာ ၁၉၆၈ နှစ်လယ်လောက်နဲ့ ၁၉၇၀ အစောပိုင်းကာလတွေမှာ ဖြစ်ပွားခဲ့ပါတယ်။

အဲဒီရောဂါကြောင့် ကလေးတွေအတော်များများ သေဆုံးခဲ့ပါတယ်။ အဲဒီရောဂါဟာ ဟောင်ကောင်မှာပထမဆုံးစတင်ဖြစ်ပွားခဲ့ပြီး အာရှကိုကျော်ပြီး အမေရိကန်ပြည်ထောင်စုမှာ ၁၉၆၈ ခုနှစ်နှောင်းပိုင်းမှာ ဖြစ်ပွားခဲ့ပါတယ်။ ထို့နောက်မှာတော့ ၁၉၆၉ ခုနှစ် နှောင်းပိုင်းမှာ ဥရောပကိုပါ ကူးစက်ခဲ့ပါတယ်။

ကူးစက်ရောဂါကျွမ်းကျင်သူတွေကတော့ အဲဒီတုပ်ကွေးဟာ သမိုင်းဝင်တုပ်ကွေးဖြစ်တယ်လို့တင်စားခဲ့ပါတယ်။ အဲဒီတုပ်ကွေးဟာ လေထဲမှာ အမြန်ဆုံးနှုန်းနဲ့ သွားနိုင်တယ်လို့လည်း ဆိုပါတယ်။

၁၉၅၇-၁၉၅၈ မှာ အာရှတုပ်ကွေးဖြစ်ခဲ့ပါတယ်။ အဲဒီတုပ်ကွေးကြောင့် အာရှမှာ လူပေါင်း ၁ ဒသမ ၁ သန်းလောက် သေဆုံးခဲ့တယ်လို့ ရောဂါထိန်းချုပ်ရေးဌာနက ပြောပါတယ်။ ပထမဖြစ်ပွားမှုဟာ တရုတ်နိုင်ငံတောင်ပိုင်းမှာ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီမှာ စတင်ခဲ့ပါတယ်။ လပေါင်းများစွာကြာခဲ့ပါတယ်။ ထို့နောက်မှာတော့ အမေရိကနဲ့ ဥရောပအထိ ရောက်ရှိခဲ့ပါတယ်။ ဒီရောဂါဟာ အဆုတ်ရဲ့လုပ်ငန်းဆောင်တာတွေကို အလွန်အမင်းရှုပ်ထွေးစေခဲ့ပါတယ်။ အထူးသဖြင့် သက်ကြီးပိုင်းတွေ အဖြစ်များခဲ့ပါတယ်။

**စပိန်တုပ်ကွေး**

၁၉၁၈-၁၉၁၉ မှာ စပိန်တုပ်ကွေး ဖြစ်ခဲ့ပါတယ်။ ပထမ ကမ္ဘာစစ်ဖြစ်ပွားနေတဲ့အချိန်မှာ စပိန်တုပ်ကွေးဖြစ်ခဲ့တာကြောင့် ကမ္ဘာ့လူဦးရေအများကြီး ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ စပိန်တုပ်ကွေးရောဂါကြောင့်လူပေါင်း သန်း ၅၀ လောက် သေဆုံးခဲ့ပါတယ်လို့ ရောဂါထိန်းချုပ်ရေးဌာနက ပြောခဲ့ပါတယ်။

ဒီရောဂါဟာ ၁၉၁၈ ခုနှစ် ဧပြီမှစပြီး ၁၉၁၉ ဧပြီလအတွင်းမှာဖြစ်ပွားခဲ့တဲ့အတွက် အလွန်တိုတောင်းတဲ့ကာလအတွင်းမှာ လူသေဆုံးမှုအများဆုံးဖြစ်ပွားခဲ့တဲ့ ရောဂါအဖြစ် သမိုင်းမှာ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ်မှာ သေဆုံးတဲ့လူအရေအတွက်ထက် ရောဂါဖြစ်လို့ သေဆုံးတဲ့လူ အရေအတွက်က ငါးဆလောက် ပိုလို့တောင် များနေပါသေးတယ်။ ပထမဆုံးရောဂါတွေ့ရှိခဲ့တာကတော့ အမေရိကန်ပြည်ထောင်စုမှာဖြစ်ပါတယ်။ ထို့နောက်မှာတော့ ဥရောပနဲ့ ကမ္ဘာတစ်ဝန်းလုံးကို ပျံ့နှံ့ခဲ့တာပါ။

ဒီအခြေအနေတွေကို ခြုံပြီးကြည့်မယ်ဆိုရင် အခုဖြစ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ ယခင်က ရောဂါတွေလောက်သေဆုံးမှုမများသေးတဲ့သဘောကို တွေ့ရပါတယ်။ အခုဆိုရင် တရုတ်ကလည်း ဒီရောဂါကို ထိန်းချုပ်နိုင်မယ်လို့ အမေရိကန်က ထင်မြင်နေသလို တရုတ်နိုင်ငံကလည်း ဟူပေးပြည်နယ်မှာ ခုတင် ၁၀၀၀ ဆံ့ဆေးရုံနဲ့ ခုတင် ၁၆၀၀ ဆံ့ဆေးရုံတွေကို တည်ဆောက်ပြီး ဒီရောဂါကို အရေးတယူကုသဖို့ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ထို့အတူပဲ ဒီရောဂါကို တိုက်ဖျက်ဖို့အတွက် တရုတ်ဒေသတွင်း သန်းကြွယ်သူဌေးများသာမက နိုင်ငံတကာကလည်း ဝိုင်းဝန်းလုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

၂၀၀၂-၂၀၀၃ မှာ ဆားစ်ရောဂါဖြစ်ပွားခဲ့ပါတယ်။ ဆားစ်ရောဂါကို ပထမဆုံးတရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်မှာ ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှာ တွေ့ရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၀၃ ခုနှစ် နှစ်လယ်လောက်မှာ အဲဒီရောဂါဟာ တကယ်ကြောက်စရာကောင်းအောင် ပျံ့နှံ့ခဲ့ပြီးတော့ ကျန်းမာရေးအကျပ်အတည်း တစ်ခုလို ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အာရှမှာ အဲဒီရောဂါကြောင့် ပရိဒေဝမီးတွေ တောက်လောင်ခဲ့ပါတယ်။ အဲဒီရောဂါကြောင့် လူဦးရေ စုစုပေါင်း ၇၇၄ ဦး သေဆုံးခဲ့ပါတယ်။

## နိုင်ငံတကာသတင်းတိုထွာ

### ဟူပေးပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု မြင့်တက်လျက်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု အတည်ပြုထားသူအရေအတွက်သည် ၃၄၅၉၈ ကျော်လာပြီဖြစ်ကြောင်း သိရသည်။ သေဆုံးသူအရေအတွက်သည် ၇၀၀ ကျော်လာပြီဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်ခံထားရသူအများစုဟာ ဟူပေးပြည်နယ်မှဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်ခံထားရသူများထဲမှ ၇၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ရောဂါအပြင်းထန်ဆုံး ခံစားနေရသူအရေအတွက်သည် ၁၀၀၇ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။ ဟူပေးပြည်နယ်တွင် နောက်ထပ်သေဆုံးသူ ၈၆ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

### နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ပြင်းထန်သူများအတွက် ယွမ်သန်း ၂၀၀ ရင်းနှီးမြှုပ်နှံ

**ပေကျင်း ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံ၏ထိပ်တန်းစီးပွားရေးစီမံချက်တွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုရောဂါပြင်းထန်သူများအား ကုသရန် ဗဟိုဘတ်ဂျက်မှ ယွမ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၇ သန်း) ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ယခုရင်းနှီးမြှုပ်နှံမှုကို ကိုရိုနာဗိုင်းရပ်စ်အဓိကဖြစ်ပွားလျက်ရှိသော ဟူပေးပြည်နယ်ရှိ ဆေးရုံသုံးရုံတွင် ရောဂါပြင်းထန်သူများအတွက် ကုသဆောင်များတည်ဆောက်ခြင်းတွင် တိုက်ရိုက်အသုံးပြုမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားလိုက်သည်။

ထို့အပြင် ရောဂါပြင်းထန်သူများကို ပိုမိုကုသပေးရန် အသက်ရှူကိရိယာများနှင့် အီးစီဂျီမော်နီတာများအပါအဝင် အဓိကလိုအပ်သော ကျန်းမာရေးသုံးကိရိယာများဝယ်ယူရာတွင် အသုံးပြုသွားမည်ဖြစ်သည်။ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများတွင်လည်း ဗိုင်းရပ်စ်တိုက်ဖျက်ရန် ကျန်းမာရေးကုသမှုနှင့် စောင့်ကြပ်ကြည့်ရှုခန်းများအတွက် ဦးစားပေးသွားမည်ဖြစ်ကြောင်း ကော်မရှင်၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၃) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၁) ဌာနမှူး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၂) ဌာနမှူး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၃) ဌာနမှူး ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောအဖွဲ့ဝင်များကို လိုအပ်ပါက ပြင်ပကျွမ်းကျင်သူပညာရှင်များဖြင့် ဖြည့်စွက်ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားမှုများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ မူဝါဒချမှတ်ခြင်း၊

(ခ) ကူးစက်ရောဂါနှင့် ကူးစက်မြန်ရောဂါများ ဖြစ်ပွားလာပါက လိုအပ်သော စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းများကို ဦးစီးဌာနအား စီမံဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ဖြစ်ပွားပါက နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့်တာဝန်ပေးအပ်ခြင်း၊

(င) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

၆။ ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ဦးစီးဌာနသည် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ခ) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ဂ) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်းအပါအဝင် ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အများပြည်သူကို ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်နှင့် အဆောက်အအုံ ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့်သုံးရေ ရရှိသုံးစွဲရေး၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များအား အကြံပြုခြင်းနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ဖြစ်ပွားသောကူးစက်ရောဂါမှာ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်လျှင် သို့မဟုတ် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပွားလျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဇ) ဖျော်ဖြေရေးလုပ်ငန်း၊ စားသောက်ဆိုင်နှင့် ခရီးသွားလုပ်ငန်းတို့တွင် ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ကပ်ဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်နှင့် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက ကယ်ဆယ်ရေးစခန်းများတွင် ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ဆေးကုသရာတွင် အသုံးပြုသည့် ဆေးပစ္စည်းများ၊ ကိရိယာများ၊ အသုံးအဆောင်များ၊ စက်ပစ္စည်းများတွင် ကူးစက်ရောဂါပိုးမွှား ကင်းစင်ရေးနှင့် အဆိုပါပစ္စည်းများမှတစ်ဆင့် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးတို့အတွက် လိုအပ်သည်များကို ဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာန တာဝန်ခံများအား တာဝန်ယူဆောင်ရွက်စေခြင်း၊

(ဋ) အစားအသောက်မှတစ်ဆင့်ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုး သယ်ဆောင်နေသူတစ်ဦးဦးအား အစားအစာ ချက်ပြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ကာလအတွင်း ပါဝင်လုပ်ကိုင်စေခြင်းမပြုရန် ဆောင်ရွက်ခြင်း၊

(ဌ) ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့်ဆိုင်သည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် အများပြည်သူတို့အား ကူးစက်ရောဂါများ ဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးအတွက် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းရှင်တို့ လိုက်နာရမည့် ကိစ္စရပ်များ၊ အများပြည်သူလိုက်နာရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

## အခန်း (၅)
## ကျန်းမာရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကျန်းမာရေးအရာရှိသည် တာဝန်ပေးအပ်ခြင်းခံရသော နယ်မြေဒေသအတွင်း ကူးစက်ရောဂါ၊ ကူးစက်မြန်ရောဂါ၊ သတင်းပို့တိုင်ကြားရမည့် ကူးစက်ရောဂါ သို့မဟုတ် ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှု ဖြစ်ပွားသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည်-

(က) ရောဂါဖြစ်ပွားရာ နေအိမ်၊ အဆောက်အအုံ၊ အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ကျောင်း၊ ဈေး၊ ဆိုင်၊ အစားအသောက်ထုတ်လုပ်ရောင်းချသည့်နေရာနှင့် ယင်းတို့နှင့်ဆက်စပ်နေရာများကို ဝင်ရောက်စစ်ဆေး၍ ရောဂါပိုးသန့်စင်ရေး၊ သန့်ရှင်းရေးအပါအဝင် အခြားလိုအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ နေရာများနှင့် ယင်းနေရာများအတွင်းရှိ ပစ္စည်းများ၊ အဝတ်အထည်များ၊ ပန်းကန်ခွက်ယောက်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရောဂါပိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(ဂ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ရောဂါပိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(ဃ) ရေတွင်း၊ ရေကန်နှင့် ရေသိုလှောင်ထားရှိသည့် အရာဝတ္ထုများကို ရောဂါပိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(င) ရောဂါကူးစက်စေသည့် သို့မဟုတ် ရောဂါပိုးသယ်ဆောင်သည့် ပိုးမွှားများကင်းစင်စေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း၊

(စ) ကူးစက်မြန်ရောဂါဖြင့် သေဆုံးသော လူသေအလောင်းမှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် အလောင်းကို စနစ်တကျပိုးသန့်စင်ပြီး စနစ်တကျထုပ်ပိုးခြင်း၊ သင်္ဂြိုဟ်ခြင်း၊ အသုဘအခမ်းအနားကို အကျဉ်းချုံးပြုလုပ်စေခြင်း၊ အခြားလိုအပ်သည်များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်းတို့နှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း၊

(ဆ) အများစားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်းကို ယာယီပိတ်ပင်ရန် သို့မဟုတ် ဖျက်ဆီးရန် ရောင်းချသူအား တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ကျိုးကြောင်း ဖော်ပြညွှန်ကြားခြင်း၊

(ဇ) ကူးစက်ရောဂါ၊ ကူးစက်မြန်ရောဂါ ဖြစ်ပွားပျံ့နှံ့စေသော သို့မဟုတ် ဖြစ်ပွားပျံ့နှံ့စေသည်ဟု သံသယဖြစ်ဖွယ်ရာရှိသော အစားအသောက်များ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် အခြားအရာဝတ္ထုများကို ဖျက်ဆီးရန်ဖြစ်စေ၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းမပြုရန် ဖြစ်စေ၊ ယင်းတို့ကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုသော အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ဈေး၊ ကျောင်း သို့မဟုတ် ဆိုင်ကိုယာယီပိတ်စေရန်ဖြစ်စေ သက်ဆိုင်ရာနှင့် ညှိနှိုင်း၍ ညွှန်ကြားခြင်း၊

(ဈ) အများပြည်သူသုံး ရေတွင်း၊ ရေကန်များ၊ သောက်သုံးရေပေးဝေရေး လုပ်ငန်းများနှင့် အဂတ်လျှော်လုပ်ငန်းများကိုစစ်ဆေး၍ ယင်းတို့မှတစ်ဆင့် ကူးစက်ရောဂါဖြစ်ပွား ပျံ့နှံ့ကြောင်းထင်ရှားလျှင် ယင်းတို့ကို ယာယီပိတ်စေရန် ညွှန်ကြားခြင်း၊

(ည) ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများကို စစ်ဆေး၍ ယင်းလုပ်ငန်းများမှတစ်ဆင့် ရောဂါဖြစ်ပွားပျံ့နှံ့ကြောင်း ထင်ရှားလျှင် ယင်းလုပ်ငန်းများကို အနည်းဆုံးလိုအပ်မည့် အချိန်ကာလအထိ ယာယီပိတ်စေရန် ညွှန်ကြားခြင်း၊

(ဋ) ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သောပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်းနှင့် လိုအပ်သလိုကျန်းမာရေး စစ်ဆေးခြင်း၊ ၎င်းတို့ထံမှ မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာ၊ အန်ဖတ်စသည့် လိုအပ်သော ဓာတ်ခွဲနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခြင်း၊

(ဌ) လူစုလူဝေးနှင့်ကျင်းပသည့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ အစည်းအဝေးများတွင် အစားအသောက်မှတစ်ဆင့် ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့စေနိုင်သည်ဟု သံသယရှိလျှင် ယင်းအစားအသောက်များကို ကျွေးမွေးခြင်း သို့မဟုတ် ဆက်လက်ကျွေးမွေးခြင်း မပြုရန် တားမြစ်ခြင်း။

၉။ ကျန်းမာရေးအရာရှိသည် ကူးစက်မြန်ရောဂါဖြစ်ပွားမှု သို့မဟုတ် ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ အစားအသောက်၊ ရေနှင့် အခြားလိုအပ်သော မည်သည့်ပစ္စည်းများကိုမဆို ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် လိုအပ်သည့်အတိုင်း စီမံဆောင်ရွက်ခွင့် ရှိသည်။

၁၀။ ကျန်းမာရေးအရာရှိသည် ကူးစက်မြန်ရောဂါဖြစ်ပွားမှု သို့မဟုတ် ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားမှုအခြေအနေနှင့် ဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာဦးစီးဌာနနှင့် ဝန်ကြီးဌာနတို့ထံ အမြန်ဆုံးတင်ပြ အစီရင်ခံရမည်။

၁၁။ ကျန်းမာရေးအရာရှိသည် မိမိဆောင်ရွက်ရမည့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များကို သင့်လျော်သော ကျန်းမာရေးဝန်ထမ်းအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၁၂။ ကျန်းမာရေးအရာရှိက တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သော ရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီများအပါအဝင် နှီးနွှယ်အဖွဲ့အစည်းများသည် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရမည်။

၁၃။ ကျန်းမာရေးအရာရှိက ပုဒ်မ ၈ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နယ်မြေဒေသရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်း၊ လူထုအခြေပြုပရဟိတ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများသည် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ အလုပ်ရှင်/အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်ရှင်နှင့်အလုပ်သမားများ၏ လက်ရှိအလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ အလုပ်ရှင်/ အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရေးနှင့် အလုပ်ရှင်/ အလုပ်သမားများ၏ အခွင့်အရေးကို ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ တစ်နိုင်ငံလုံးရှိအလုပ်သမား ဦးရေ အခြေအနေများ၊ အလုပ်သမား ဥပဒေအသိပညာပေး ဆွေးနွေးပွဲ ဆောင်ရွက်ပေးမှု၊ လူမှုဖူလုံရေးအဖွဲ့မှ ဆေးဝါးကုသပေးမှုနှင့် ငွေလက်ငင်း အကျိုးခံစားခွင့် ပေးချေမှု ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် စက်ရုံအလုပ်ရုံများကို စစ်ဆေးဆောင်ရွက်မှု၊ အချိန်ပိုလုပ်ကိုင်ခြင်း လုပ်ခလစာငွေကြေး အကျိုးခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးမှု၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ငွေကြေးအကျိုးခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေများ၊ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC) တိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပါ အချက်အလက်များ၊ ယနေ့ဖြစ်ပွားလျက်ရှိသည့် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားမှု၊ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အလုပ်သမားရေးရာကိစ္စ၊ အလုပ်သမားများအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စ၊ အလုပ်သမားရေးရာ ဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးရန် လိုအပ်သည့် အခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေရှည်ဆောင်ရွက်လိုသည့် အချက်များကို အကြံပြုဆွေးနွေးခဲ့ကာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်ကလည်း အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့်အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

**သတင်းစဉ်**

## နမ့်ခမ်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရောင်းဝယ်မှုကျဆင်း

နမ့်ခမ်း ဖေဖော်ဝါရီ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဝင်ထွက်သွားလာမှု စစ်ဆေး ကန့်သတ်စိစစ်မှုများကြောင့် ယမန်နေ့အထိ ကူးသန်းရောင်းဝယ်မှုများ လျော့နည်းကျဆင်းလာကြသည်။ နမ့်ခမ်းမြို့နယ် ရွှေလီမြစ် တစ်ဖက်ကမ်းရှိ နောင်ခမ်း၊ ကွန်ဟိုင်း၊ ဟတ်ဟင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ရှိသူများက တရုတ်နိုင်ငံဘက်မှ၊ ရပ်ဝေးဒေသများမှ လာရောက်သူများကို ဝင်ခွင့်မပြုဘဲ နောင်တောင်းဒေသ၊ ကျင်ဆိုင်ဒေသရှိ နယ်စပ်နေထိုင်သူများကို တရုတ်နိုင်ငံ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်ဖြင့် တရုတ်နိုင်ငံဘက်မှ လာရောက်ခွင့်ရှိသူများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုရန် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခင်ကကဲ့သို့ အသွားအလာများပြားမှုမရှိဘဲ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများလည်း လျော့နည်းလာကြရသည်။

နမ့်ခမ်းဈေးတွင် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို ယခင်က တစ်ဖက်နိုင်ငံမှ အများအပြား လာရောက်ဝယ်ယူကြသည့်အတွက် ရောင်းဝယ်အားကောင်းကြသော်လည်း ယခုအခါ လာရောက်ဝယ်ယူသူ မရှိဘဲ ဒေသခံများကိုသာ ရောင်းနေရသဖြင့် အရောင်းအဝယ် ကျဆင်းလျက်ရှိသည်။

“တချို့အဝတ်အထည်ဆိုင်တွေဆိုရင် ဈေးဦးမပေါက်တဲ့ရက်တွေလည်း ရှိတယ်။ ဟင်းသီးဟင်းရွက်နဲ့ စားသောက်ကုန်တွေ၊ အိမ်သုံးဆေးတွေကတော့ ပုံမှန်ရောင်းနေရပါတယ်။ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသွားလာတာ စစ်ဆေးကန့်သတ်လို့ အဝင်အထွက် နည်းရတဲ့အထဲ အခု ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ပိုဆိုးတာပေါ့”ဟု ဈေးကော်မတီဥက္ကဋ္ဌက ပြောသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

## မန္တလေး၌ ကျင်းပမည့်ပွဲများ

### မြန်မာ့လက်ဖက်ပွဲတော်

မြန်မာ့လက်ဖက်ပွဲတော် (Myanmar Tea Festival) ကို ဖေဖော်ဝါရီ ၂၂ နှင့် ၂၃ ရက်တို့၌ နံနက် ၉ နာရီတွင် Mandalay Convention Center ( MCC ) Hall ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### အပြည်ပြည်ဆိုင်ရာ လက်ဖက်စာတမ်းဖတ်ပွဲ

အပြည်ပြည်ဆိုင်ရာ လက်ဖက်စာတမ်းဖတ်ပွဲ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်ဇာလှိုင်**

### ပြည်ထောင်စုပဒေသာကပွဲ

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုပဒေသာကပွဲကို မန္တလေးမြို့ အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီ ခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ၂၀၂၀ ရဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်ကြမလဲ ဟောပြောပွဲ

၂၀၂၀ ရဲ့ စိန်ခေါ်မှုတွေကို ဘယ်လိုရင်ဆိုင်ကြမလဲ ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေး၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### Champion of Dance ပြိုင်ပွဲ

Champion of Dance ပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်အခမ်းအနား

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ္မ လူထုကွင်း၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### အရည်အသွေးကောင်းသရက်သီးများ စိုက်ပျိုးထုတ်လုပ်ခြင်း သင်တန်းနှင့် ပညာပေးဆွေးနွေးပွဲ

ဈေးကွက်ဝင်သရက်သီးများ၊ အရည်အသွေးကောင်း သရက်သီးများ စိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း

စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့နွားသိုးအလှ၊ နို့စားနွားနှင့် ဆိတ်ပြပွဲ/ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ

ဆဋ္ဌမအကြိမ် မြန်မာ့နွားသိုးအလှ၊ နို့စားနွားနှင့် ဆိတ်ပြပွဲ/ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ရပ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲ/ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၈၈၀/၉၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၈၀ | ကျပ် | ၈၀၀/၈၁၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၁၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၅ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၆ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၄၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၇၄၈ | ၃၁၆၀၂၀၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၃၈၈၅ | ၁၅၅၄၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂ | ၁၆၈၀၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၆၃၂ | ၁၄၅၅၂၀၀၀ |
| TMH | ၂၈၅၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


HTOO
ဦးတင့်ရေ.. မသင်္ကာဖွယ်ရာမျက်နှာဖုံးစွပ်နဲ့လူတွေ တွေ့ခဲ့လို့သတင်းလာပို့တာဗျို့..
ဟုတ်လား..
ခုတလော.. ကူးစက်မြန်အဆုတ်ရောင်ဗိုင်းရပ်စ်ပိုးက ကမ္ဘာ့နိုင်ငံတွေကိုတောင် ခြိမ်းခြောက်စ ပြုနေပြီဆိုတော့...
အဲဒီရောဂါကာကွယ်ဖို့နှာခေါင်းစည်းတွေ လူတိုင်းလိုလိုစည်းထားကြတာကို အလွဲအဆန်းလုပ်လို့ကွာ...
ခုဟာက.. မျက်စိပေါက်ပဲချန်ပြီး ခေါင်းကနေခြုံထားတာ.. အနုကြမ်းဝင်စီးမယ့်ပုံတွေမျှ.. လိုက်ကြည့်ဦး...
ဟိုတကောင်တွေ.. ရပ်လိုက်စမ်း...ရာဇဝတ်မှုကျူးလွန်ဖို့ဟန်ပြင်နေကြတာမဟုတ်လား
ဟာ.. ဦးတင့်.. ကျွန်တော်တို့က ဒီသစ်ပင်ပေါ်က ပျားအုံကိုဖွပ်မလို့လုပ်နေကြတာပါ...
ဟေ.. ဟုတ်လား
အေးပါ...ငါလည်းအဲလိုပဲထင်ပါတယ်.. ဆေးဖော်ဖို့ ပျားရည်နည်းနည်းလောက်အိမ်ကိုလာပို့ဦးကွနော်....
ဟုတ်ကဲ့ ဦးတင့်..


ဟော... ဖေဖေ မြန်လာပြီ...
ဟင်... ဖေဖေ... ပန်းတွေဝယ်လာတယ်...
ဟုတ်တယ် သားရဲ့... ပန်းတွေလှလို့ မေမေဘုရားပန်းတင်ရအောင် ဝယ်လာခဲ့တာ...
ပန်းတွေကိုအိမ်ထဲကို ယူမသွားရင် ပိုကောင်းမယ်နဲ့ တူတယ်ဖေဖေ...
ပန်းတွေကိုတွေ့ရင်မေမေ ပိုပြီးစိတ်ဆိုးနေလိမ့်မယ်...
ဘာ...ဘယ်လို... မေမေစိတ်ဆိုးမယ်... ဟုတ်လား....
နေ့လယ်တုန်းက သားဘောလုံးကန်လိုက်တာ ဘုရားပန်းအိုးကြီး ကျကွဲသွားလို့.... ဖေဖေရဲ့...


ကာတွန်း စမ်းချောင်းကိုကိုအောင်
အာဂျစ်မြင်းကို ဥာဏ်ရည်စမ်းရမယ်၊
နိမ်လိုက်
လည်ဆံမွေးအတူကြီးနဲ့ကဘာကောင်လဲ
ဒါလေးမျှား၊ ခြသေ့ပေါ့၊
ကိုယ်မှာအစင်းကျားတွေရှိတာ၊
မြင်းကျားသို့မဟုတ်ကျား၊
ခြေတံရှည်သတ္တဝါ၊
သစ်ကုလားအုတ်
အမြဲတမ်းအငိုမနေဘဲ အဆော့သန်တဲ့သတ္တဝါ၊
ကျွန်တော်လေ၊


ပေါက်စန်


စိန်လုံး
ဖြောင်း
တောက်
ထိပြီကတော့ ပြေးသာကောက်
ရွှဲဦးမှာ..
ဟော..
ရယ်ဒီ
ကြောက်ပါပြီဗျာ.. နောက်ကိုလမ်းဘေးမှာ ရှူးပေါက်တော့ပါဘူး
ဦးထိန်..



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျေးလက်နေပြည်သူများ တွေ့ဆုံ

**နတ်တလင်း ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇီးကုန်းမြို့နယ် ညောင်ပင်ဘိုကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၇ ရက်က တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော ပေါက်ပင်ဆိပ်ကျေးရွာ မီးလင်းရေးဆောင်ရွက်ရန် ကုန်ကျစရိတ်များ တွက်ချက်တင်ပြထားသည့် အမှုတွဲကိစ္စ၊ ကန္တလီအုပ်စု ဝက်ကော်ကျေးရွာလမ်းတွင် ခတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွယ်တန်းထားသည့် ကိစ္စနှင့် ချောင်းကူးတံတား ဆောက်လုပ်ပေးရေးကိစ္စ၊ ကူဖြူကျေးရွာနှင့် ညောင်ပင်ဘိုကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်းနှင့် ညောင်ပင်ဘို ရွာတွင်းလမ်းကို ကွန်ကရစ်လမ်းခင်းပေးရေးကိစ္စ၊ ဘော်ဘင်ကျေးရွာတွင် တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရေးကိစ္စ စသည်တို့ကို တင်ပြခဲ့ကြသည်။ အဆိုပါ တင်ပြချက်များနှင့် ပတ်သက်၍ သက်ဆိုင်သည့် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်တလင်းမြို့နယ် တောင်ညိုမြို့သစ် မျှော်တော်တောင်ဘုရားဝင်းဓမ္မာရုံ၌ တောင်ညိုမြို့သစ်မှ ဒေသခံများနှင့် တွေ့ဆုံခဲ့ရာ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက ကွေးကြီးရွာဟောင်းရှိ ဘိုးဘွားပိုင်လယ်ယာမြေများကို အမည်ပေါက် ပုံစံ(၇)ရရှိရေးကိစ္စ၊ တောင်ညိုမြို့သစ် ရဲကင်းစခန်းကို နယ်မြေရဲစခန်းအဖြစ် အဆင့်မြှင့်တင်ပေးရေးကိစ္စ၊ တောင်ညိုမြို့သစ် အတွင်းရှိ ကျေးရွာအုပ်စု ငါးစုတွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးရေးကိစ္စ၊ အောင်ဇေယျာကျေးရွာ အထကကျောင်း၌ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရေးကိစ္စ၊ ဇေယျာကျေးရွာနှင့် ဆီဆုံကုန်းရွာကြားရှိ တံတားနှစ်စင်း ပျက်စီးနေမှုကို ပြင်ဆင်ပေးနိုင်ရေးကိစ္စ တို့ကို အသီးသီးတင်ပြခဲ့ကြကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးချုပ်က ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အရေးကြီးသော လမ်း တံတားများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေးပြီး ထည့်သွင်းဆောင်ရွက်ပေးရန်နှင့် အရည်အသွေးပြည့်မီအောင် ကွင်းဆင်းစစ်ဆေးရန် မှာကြားခဲ့ပြီးနောက် တောင်ညိုဆည်သို့သွားရောက်၍ ဆည် တည်ဆောက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

**တင်မြင့်(နတ်တလင်း)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တောင်ညိုမြို့သစ်မှ ဒေသခံပြည်သူများ တွေ့ဆုံစဉ်။

# မြစ်ကြီးနားမြို့မှ တပ်ကုန်း-ထွယ်ဆန် ကတ္တရာလမ်းကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၈**

မြစ်ကြီးနားမြို့ တပ်ကုန်း-ထွယ်ဆန် ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်အရ ပြည်နယ်ရန်ပုံငွေ ကျပ် ၁၀၉ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည့် အရှည်ပေ ၂၈၀၀၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းသစ်ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖေဖော်ဝါရီ ၇ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ I.C.M အသင်းတော် သိက္ခာတော်ရဆရာ ဦးဘရန်တောင်နှင့် ဂါလိလဲနှစ်ခြင်းအသင်းတော်ဥက္ကဋ္ဌ ဦးဘောက်နော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဂါလိလဲဘုရားကျောင်း၌ လမ်းသစ်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တစ်ခုလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ရသည့်အတွက် ပြည်သူများ၏ လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးရန် လုပ်ငန်းများစွာ ကျန်ရှိနေသေးကြောင်း၊ လိုအပ်ချက်များကို ဘဏ္ဍာနှစ်အလိုက် ခွဲဝေလျာထားပြီး ဖြည့်ဆည်းပေးနေကြောင်း ပြောကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# လွိုင်ကော်မြို့၌ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၈**

မြန်မာတို့၏ (၁၂)လရာသီ ပွဲတော်များအနက် တစ်ခုဖြစ်သည့် တပို့တွဲလ မြန်မာ့ရိုးရာ ထမနဲထိုးပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ထမနဲထိုးပြိုင်ပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီတော်မြတ် ပရဝဏ်အတွင်း၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ထမနဲထိုးပြိုင်ပွဲတွင် လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက် ၁၉ ခုမှ အသင်းများနှင့် ဌာနဆိုင်ရာ ၁၇ ခုမှ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကျင်းပနေမှုကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လွိုင်ကော်မြို့နေ ပြည်သူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် အကဲဖြတ် ဒိုင်လူကြီးများက မြေပြင်အမှတ်ပေးစနစ်ဖြစ်သည့် နေရာ ခင်းကျင်းပြင်ဆင်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ စည်းလုံးညီညွတ်မှု၊ အားပေးမှု၊ ဆိုင်းဘုတ်အလံ စိုက်ထူခြင်း၊ ဝတ်စားဆင်ယင်မှု၊ စည်းကမ်းလိုက်နာမှု စသည့် စနစ်များအပြင် အဓိက အမှတ်ပေးစနစ်များဖြစ်သည့် ပြီးစီးချိန်၊ အရောင်၊ အနံ့နှင့် အရသာ စသည့် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ စိစစ် အကဲဖြတ် အမှတ်ပေးခဲ့ကြပြီး ရပ်ကွက်အသင်းများမှ ပထမဆုရ ဧကေ(၅၀၀) ရပ်ကွက်အသင်း၊ ဒုတိယဆုရ နမ့်ဘော်ဝမ်(က)အသင်းနှင့် ပူးတွဲတတိယဆုရသော နမ့်ကွတ်ရပ်ကွက်အသင်း၊ ဈေးပိုင်းရပ်ကွက်အသင်းနှင့် ရှမ်းစုရပ်ကွက်အသင်းတို့အား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ဌာနဆိုင်ရာ အသင်းများမှ ပထမဆုရ ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသင်းနှင့် ပူးတွဲတတိယဆုရသော နည်းပညာ တက္ကသိုလ်အသင်း၊ အခြေခံပညာ အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်က လည်းကောင်း၊ နှစ်သိမ့်ဆုများ ရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများအား ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း ဆုများ ချီးမြှင့်ပေးခဲ့သည်။

**ထွန်းလေး**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ထမနဲထိုးပြိုင်ပွဲ ဆုရအသင်းအား ဆုချီးမြှင့်စဉ်။

# မင်းကင်းမြို့နယ်မှ ကျေးရွာအလက ကျောင်းဆောင်သစ်ကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**မုံရွာ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လက်ပံဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်နှင့် အလှူရှင် ဦးခင်မောင်လင်း+ဒေါ်ခင်အေးချို(အဠ္ဌလီဖြိုး) ဆောက်လုပ်ရေးကုမ္ပဏီ မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် ပညာရေးကဏ္ဍတွင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်းမှ ကျောင်းဆောင်ပေါင်း ၅၇၆ ဆောင်အတွက် ကျပ် ၂၄၄၁၇ ဒသမ ၂၀၂ သန်းနှင့် ပညာရေးဝန်ထမ်းအိမ်ရာ ၁၃ ဆောင်အတွက် ကျပ် ၅၃၃ ဒသမ ၄၂၉ သန်း ရရှိခဲ့သည့်အတွက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း ကျောင်းဆောင် ၃၄၇ ဆောင်အတွက် ကျပ် ၂၄၀၈၇ ဒသမ ၁ သန်း၊ ဝန်ထမ်းအိမ်ရာ ၃၈ ဆောင်အတွက် ကျပ် ၁၅၄၆ ဒသမ ၂ သန်းနှင့် ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ် ၁၅၀၃၄ ဒသမ ၃၇ သန်းကို ခွဲဝေချထားပေးပြီးဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီ ပြီးစီးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်က ကျောင်းပေါင်း ၆၆၈ ကျောင်း ဖွင့်လှစ်ပေးခဲ့ရာ မင်းကင်းမြို့နယ်၌ ကျောင်းအဆင့်မြှင့်တင်ခြင်းနှင့် ကျောင်းသစ်ဖွင့်ခြင်း စုစုပေါင်း ၂၁ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု လက်ပံဆိပ်ကျောင်းမှာ အခြေခံပညာ မူလတန်းကျောင်းအဖြစ် ၂၀၀၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ တွင် မူလတန်းလွန်ကျောင်း၊ ၂၀၁၀ တွင် အလက(ခွဲ)၊ ၂၀၁၇ တွင် အလယ်တန်းအဖြစ် အဆင့်တိုးဖွင့်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ် လျှောက်ထားသည်ကို တွေ့မြင်ရကြောင်း၊ ယခုလို မြန်ဆန်စွာ တိုးတက်လာရခြင်းမှာ အဠ္ဌလီဖြိုး ဆောက်လုပ်ရေးကုမ္ပဏီ မိသားစု၏ ကူညီမှုနှင့် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း၊ အဠ္ဌလီဖြိုး ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ၂၀၀၃ ခုနှစ်က (၁၂၀x၃၀x၁၂) ပေ ကျောင်းဆောင်တစ်ဆောင်၊ ၂၀၀၄ တွင် (၆၀x၃၀x၁၂)ပေ ကျောင်းဆောင်တစ်ဆောင်၊ ၂၀၁၂ တွင် (၄၀x၃၀x၁၂)ပေ ကျောင်းဆောင်တစ်ဆောင်၊ ၂၀၁၉ တွင် (၄၀x၄၀x၂၅)ပေ ကျောင်းဆောင် တစ်ဆောင်၊ ၂၀၁၉ တွင် (၃၀x၂၀x၁၂) ပေ ဝန်ထမ်းအိမ်ရာ တစ်ဆောင်၊ စာကြည့်တိုက်နှင့် ကွန်ပျူတာ နှစ်ထပ်ဆောင် တစ်ဆောင်၊ စုစုပေါင်းတန်ဖိုး ကျပ်သိန်းပေါင်း ၂၀၀၀ ကျော်ရှိသည့် ကျောင်းဆောင်သစ်ကြီးများနှင့် ဝန်ထမ်းအိမ်ရာများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းအတွက် အလှူရှင်မိသားစုအား ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကျိုက်မရော၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**ကျိုက်မရော ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့၌ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျိုက်မရောမြို့ ကမ်းနားလမ်းရှိ အတ္ထာရုံမြစ်အတွင်း ကျင်းပခဲ့ရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ကျိုက်မရောမြို့နယ်အတွင်းမှ လှေလှော်အသင်း ခြောက်သင်းနှင့် မုဒုံမြို့နယ်မှ လှေလှော်အသင်း နှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုနှစ်တွင် ထူးခြားချက်အဖြစ် အမျိုးသမီး လှေလှော်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများအား ပြည်ထောင်စုနေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ပြည်ထောင်စုနေ့အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ချင်းရွှေဟော်မြို့၌ကျင်းပ

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၈**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်ပွဲကို ချင်းရွှေဟော်မြို့ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ရာ ချင်းရွှေဟော်မြို့ အထကကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဗလာစာအုပ်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ မြို့နယ်များ၌ကျင်းပ



## ရန်ကုန်

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက ရွှေတိဂုံစေတီတော်အရှေ့ဘက် ထန်းပင်ကုန်းကွင်း၌ ကျင်းပခဲ့ရာ ရွှေတိဂုံစေတီတော် ထမနဲပွဲတော် ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးအေးထွန်းက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထမနဲထိုးပြိုင်ပွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးဝန်ထမ်းအသင်းများ၊ ကန်ထရိုက်အသင်းများ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ စသဖြင့် အသင်းပေါင်း ၃၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို စေတနာရှင်ဆွမ်းတော်ကပ်အသင်း၊ ဒုတိယဆုကို ဓာတ်ပုံလုပ်ငန်းအသင်း၊ တတိယဆုကို ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်းအသင်း၊ စတုတ္ထဆုကို လုပ်ငန်းဌာနအသင်းနှင့် ပဉ္စမဆုကို တိုင်းရင်းဆေးအသင်းတို့က ရရှိခဲ့ကာ ယင်းဆုများအပြင် နှစ်သိမ့်ဆု ငါးဆုကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- ထိန်လင်း**

## မော်လမြိုင်

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ နဝမအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပခဲ့ရာ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မောင်းထု၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် မွန်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ အသင်း ၄၂ သင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ အသင်း ခုနစ်သင်း၊ စုစုပေါင်း ၄၉ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသော အသင်းများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ဝေလင်း(ပြန်/ဆက်)**

## သထုံ

မွန်ပြည်နယ် သထုံမြို့၌ နှစ်စဉ် စည်ကားစွာကျင်းပသော (၆၂)ကြိမ်မြောက် မြသပိတ်စေတီတော်နှင့် (၇)ကြိမ်မြောက် ဆုတောင်းပြည့် နီးဘုရားဆင်းတုတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့်အတူ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကိုလည်း ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ကျေးရွာ၊ ရပ်ကွက်နှင့် ဌာနဆိုင်ရာအသင်း စုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဒိုင်များက စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆုများ ရွေးချယ်ပေးခဲ့သည်။ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အသင်းတိုင်းအား တစ်သင်းလျှင် ကျပ်ငါးသောင်း ထောက်ပံ့ပေးသည့်အပြင် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲနှင့် တတိယဆု ကျပ်တစ်သိန်းကိုလည်း ချီးမြှင့်ခဲ့သည်။ ထမနဲထိုးပြိုင်ပွဲအတွက် သီတဂူဦးကျော်လွင်ဦး မိသားစုက မတည်လှူဒါန်းပြီး အခြားအလှူရှင်များ စုပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## မူဆယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းက ကျင်းပခဲ့ရာ အသင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် အမှတ်ပေးဒိုင်များက စည်းကမ်းသတ်မှတ်ချက်နှင့်အညီ အကဲဖြတ် ဆုံးဖြတ်ပေးခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအပြင် အချိန်သတ်မှတ်ချက်ဆု၊ သတ်မှတ်ပစ္စည်းစုံလင်မှုဆု၊ သန့်ရှင်းမှုဆု၊ စည်းလုံးညီညွတ်မှုဆုနှင့် ထမနဲအရည်အသွေးအကောင်းဆုံးဆုများလည်း ပေးအပ်ခဲ့သည်။ အဆိုပါ ထမနဲထိုးပြိုင်ပွဲကို မူဆယ်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဥက္ကဋ္ဌ အရာရှိ ဦးဝင်းခိုင်ဦး၏ ဦးဆောင်မှုဖြင့် ကုန်တင်ကုန်ချ ကြီးကြပ်ရေးမှူးနှင့် လုပ်သားများ စုပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**

## မန္တလေး

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ လာရောက်အားပေးခဲ့သည်။ ပြိုင်ပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော်အသင်းနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ ပြိုင်ပွဲဝင်အသင်းများ စုစုပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဒိုင်အဖွဲ့က အကဲဖြတ်၍ ဆုများရွေးချယ်ပေးခဲ့ရာ ပထမဆုကို ပုသိမ်ကြီးမြို့နယ်တရားရုံးအသင်း၊ ဒုတိယဆုကို အောင်မြေသာစံမြို့နယ်တရားရုံးအသင်းနှင့် တတိယဆုကို ချမ်းအေးသာစံမြို့နယ် တရားရုံးအသင်းတို့က ရရှိခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်းမြို့ ကြေးဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘဲဥထုပွဲတော် စတင်ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၈**

စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်ရှိ ဇိနမာရ်အောင် လောကချမ်းသာ ကြေးဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် ရိုးရာ အစဉ်အလာမပျက် နှစ်စဉ် ထည့်သွင်းကျင်းပလာသည့် ဘဲဥထုပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက် ညပိုင်းမှစတင်၍ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘဲဥထုပွဲတွင် ဘဲဥရောင်းချသူများက ပြုတ်ပြီးသားဘဲဥများကို တစ်လုံးလျှင် ကျပ် ၂၀၀ ဖြင့် ရောင်းချပြီး ဘဲဥထုမည့်သူ နှစ်ယောက်သည် တစ်ယောက်က အောက်ကခံ၍ တစ်ယောက်က အပေါ်မှ ဘဲဥဖြင့်ထုကြောင်း၊ ပိမ့်ရာ အက်ရာ ဖြစ်သွားသည့် ဘဲဥပိုင်ရှင်က ဘဲဥဖိုး ရှင်းရမည်ဖြစ်ပြီး နိုင်သူက ပိမ့်သည့်ဘဲဥကို ရရှိမည်ဖြစ်ကြောင်း၊ ဘဲဥနှစ်လုံးစလုံး ပိမ့်ရာ အက်ရာ ဖြစ်ပါက အောက်မှ အထုခံထားသည့် ဘဲဥပိုင်ရှင်က အနိုင်ရရှိကြောင်း လောကချမ်းသာ ကြေးဘုရားကြီး၏ ဓမ္မရက္ခိတ လူမှုရေးအသင်း နာယက ဦးစံထွန်းက ပြောသည်။

ဘဲဥထုပွဲသမိုင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက "ဒီ ဘဲဥထုပွဲက မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ကြေးဘုရားကြီးရဲ့ ဘုရားပွဲတော်မှာပဲ ရှိတာပါ၊ သက်တမ်းနှစ်ပေါင်းက အတိအကျတော့ မသိဘူး၊ ရှေးမြန်မာဘုရင်တွေလက်ထက်က အစေခံ ခံတပ်က ကင်းသမားတွေ၊ လှေတော်သားတွေ ညဘက်မှာ အပျော်ဆော့ကြရင်း ဖြစ်ပေါ်လာတဲ့ပွဲပါ၊ ဘဲဥထုဖို့အတွက် လူနှစ်ယောက် လိုပါတယ်၊ ဘဲဥထုတဲ့အခါ ပိမ့်သွားတဲ့ဘဲဥဘက်က ရှုံးတဲ့အတွက် ဘဲဥဖိုး ပိုက်ဆံရှင်းရပါတယ်"ဟု ပြောပြသည်။

စစ်ကိုင်းမြို့ ဇိနမာရ်အောင် လောကချမ်းသာ ကြေးဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို မင်းကျောင်းဘုန်းကြီးကျောင်းတိုက်က ဦးစီး၍ နှစ်စဉ်ကျင်းပပြီး ယခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကာ လပြည့်ကျော် ၁ ရက်တွင် ပင့်သံဃာ အပါး ၁၂၀ အား ဆွမ်းဆန်တော်နှင့်အတူ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားခြင်းကြောင့် မူဆယ်နယ်စပ်ကုန်သွယ်မှုတွင် နှစ်နာမှုများပြား

**မူဆယ် ဖေဖော်ဝါရီ ၈**




မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်။ ဓာတ်ပုံ – မိုင်းဘညာဏ် (ကွတ်ခိုင်)

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ဖြစ်ပွားနေခြင်းကြောင့် မြန်မာ-တရုတ် နယ်စပ် မူဆယ်မြို့ ကုန်သွယ်ရေးဇုန်၌ ကုန်သွယ်မှု လုံးဝရပ်တန့်သွားခြင်း မရှိသော်လည်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် တစ်ဝိုက်၌ ကုန်တင်ယာဉ်အစီးရေ ၃၀ ခန့်ဖြင့်သာ နှစ်နိုင်ငံ ကုန်သွယ်ရေး လည်ပတ်နေရပြီး နယ်စပ်ကုန်သွယ်မှုတွင် ထိခိုက်နစ်နာမှု များပြားကြောင်း မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းမှ သိရသည်။

"အရင်နှစ်တွေမှာ တရုတ်နှစ်သစ်ကူးကာလပြီးတာနဲ့ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်စီးဆင်းမှုဟာ တစ်ရက်မှာ ကုန်တင်ယာဉ်အစီးရေ ၁၀၀၀ ဝန်းကျင်နဲ့ ကုန်သွယ်မှု လည်ပတ်နေတာပါ၊ ယခုနှစ်မှာတော့ တရုတ်နိုင်ငံမှာဖြစ်ပွားတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ပြည်မဘက် လမ်းကြောင်းတွေကို ယာယီပိတ်ထားတယ်၊ ဒါကြောင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တစ်ဝိုက်မှာပဲ နှစ်နိုင်ငံ ကုန်သွယ်မှုတွေက လည်ပတ်နေပါတယ်၊ ဒီရောဂါ ဖြစ်ပွားတဲ့အတွက် နှစ်နိုင်ငံ ကုန်သွယ်ရေးကို တော်တော်ထိခိုက်နစ်နာမှု ဖြစ်စေပါတယ်"ဟု မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းထွန်းကိုကိုက ပြောကြားသည်။

မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ဖရဲ၊ ပြောင်းနှင့် သခွားမွေးများကို တရုတ်နိုင်ငံဘက်သို့ ပုံမှန် တင်ပို့နေသော်လည်း တရုတ်နိုင်ငံ ပြည်မဘက်သို့ မတင်ပို့နိုင်သည့်အတွက် ကုန်သည်များ နစ်နာနေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘက်သို့ တင်သွင်းသည့် ကုန်စည်များမှာလည်း ရွှေလီမြို့နှင့် ကျယ်ဂေါင်မှ ဂိုဒေါင်လက်ကျန်ပစ္စည်းများကိုသာ တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှု ယခင်အတိုင်း ပုံမှန်လည်ပတ်နိုင်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ပြန်လည်စောင့်ဆိုင်းရမည်ဟု ကုန်သည်များထံမှ သိရသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် မူဆယ်မြို့ရှိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံအတွက် အရေးပါသည့် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားခြင်းကြောင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဖရဲသီးနှင့် သခွားမွေးများကို ဝယ်ယူမှု နည်းပါးလာသည့်အတွက် ကုန်စိမ်းဈေးများ ကျဆင်းလာလျက်ရှိသည်။

ကုန်သွယ်ရေး ပုံမှန်စီးဆင်းရန်အတွက် ဖေဖော်ဝါရီ ၁၃ ရက်တွင် တရုတ်နိုင်ငံက ကုန်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်သွားမည်ဟု သတင်းထုတ်ပြန်ထားရာ ထိုရက်နောက်ပိုင်းတွင် ကုန်သွယ်မှုများ ပုံမှန်အတိုင်း ပြန်ဖြစ်လာရန် မြန်မာကုန်သည်များက မျှော်လင့်နေကြသည်။

"ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရောဂါကူးစက်မှုတွေ ကျဆင်းလာပြီး သေဆုံးသူတွေ လျော့နည်းလာမယ်ဆိုရင်တော့ ပို့ကုန်/သွင်းကုန်တွေကို အချိန်တိုအတွင်းမှာ ပုံမှန်စီးဆင်းလာအောင် လုပ်လို့ရတယ်၊ ဒါပေမယ့် သူတို့က ရောဂါရဲ့အခြေနေကိုစောင့်ကြည့်ပြီး ကူးစက်မှုနဲ့ သေဆုံးသူ အရေအတွက် ကျဆင်းလာမယ်ဆိုရင် ဖေဖော်ဝါရီ ၁၃ ရက်မှာ ကုန်သွယ်ရေးလမ်းကြောင်းတွေကို ပြန်လည်ဖွင့်လှစ်မယ်လို့တော့ ထုတ်ပြန်ထားပါတယ်၊ ဒါကြောင့် ကုန်သွယ်ရေးလမ်းကြောင်းကို ပြန်လည် ဖွင့်လှစ်နိုင်မယ်ဆိုရင်တော့ အကုန်လုံးအတွက် ဝမ်းသာစရာပဲဖြစ်ပါတယ်"ဟု ဦးစိုင်းထွန်းကိုကိုက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန် ထုတ်ပြန်ကြေညာထားသော်လည်း ထိုရက်မတိုင်မီကြားကာလ အခြေအနေကို စောင့်ကြည့်မည်ဖြစ်ပြီး စောင့်ကြည့်ကာလတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှုန်း မြင့်တက်လာပါက ကုန်သွယ်မှုလမ်းကြောင်းကို ဖွင့်လှစ်မည်မဟုတ်ကြောင်းလည်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ မန့်ဟီးရိုးမြို့တွင် နှာခေါင်းစည်းများ လာရောက်လှူဒါန်း

**မန့်ဟီးရိုး ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မန့်ဟီးရိုးမြို့အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းနှင့်အဖွဲ့ ယနေ့ နံနက်က လာရောက်စစ်ဆေးကြည့်ရှုပြီး နှာခေါင်းစည်းများ လှူဒါန်းခြင်းကို နှစ်နိုင်ငံနယ်စပ်ဂိတ်အနီးတွင် ပေးအပ်ခဲ့သည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့်အဖွဲ့သည် မန့်ဟီးရိုးမြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းမှ ကာကွယ်ရန် စီစဉ်ဆောင်ရွက်ထားသည့် လုပ်ငန်းများ၊ နယ်စပ်ဂိတ်အနီးတွင် ကျန်းမာရေးစစ်ဆေးခြင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မန့်ဟီးရိုးမြို့အတွက် စေတနာရှင်များက လှူဒါန်းထားသော နှာခေါင်းစည်း ၁၀၀၀ ကို မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်နှင့် တိုက်နယ်ဆရာဝန် ဒေါက်တာစိုင်းယီအောင်တို့ထံ ပေးအပ်သည်။

ယင်းနောက် မြို့အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံရာ မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်က မန့်ဟီးရိုးမြို့အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဒေါက်တာစိုင်းယီအောင်က ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့် သတင်းအချက်အလက်နှင့် ရောဂါကူးစက်ခြင်းမှ ကာကွယ်ရမည့် နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီတင်ပြလျက်ရှိမှု၊ မြို့မရဲစခန်း ရဲအုပ်တင်အောင်စိုးက ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းက ယခုဖြစ်ပွားနေသော ကူးစက်ရောဂါအား ကုသရေးထက် ကာကွယ်ရေးကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ဒေသရှိ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စန္ဒာ (ပြန်/ဆက်)**

# ပင်လည်ဘူးမြို့နယ်၌ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**ပင်လည်ဘူး ဖေဖော်ဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းကို ကသာခရိုင် ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာ၌ ဖေဖော်ဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးသန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဦးမိုးကျော်သူတို့က အမှာစကားပြောကြားပြီး ပင်လည်ဘူးမြို့နယ်ဆေးရုံအုပ် ဒေါက်တာကျော်နိုင်က ကုသရေးလုပ်ငန်းစဉ်အကြောင်းနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလွင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ထွန်းအောင်ကုမ္ပဏီလီမိတက်က သင်တန်းသားများအတွက် ဝတ်စုံစရိတ် ကျပ်ငါးသိန်းကို ပင်လည်ဘူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်စိုးထံ လှူဒါန်းခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်ပြီး ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၁၅ ရက်အထိ သင်တန်းကာလ ရက် ၄၀ ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဟု သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနအတွက် လျှောက်ထားသူများသည် **၆-၃-၂၀၂၀ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်အသက် ၂၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊**

(ဂ) မီးသတ်ဦးစီးဌာန၊ မြန်မာ့မီးရထား၊ မြန်မာ့သစ်လုပ်ငန်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့အတွက် လျှောက်ထားသူများသည် **၆-၃-၂၀၂၀ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊**

(ဃ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့အတွက် လျှောက်ထားသူများသည် **၆-၃-၂၀၂၀ ရက်နေ့တွင် ပြင်ပ ပုဂ္ဂိုလ်အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊**

(င) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် လျှောက်ထားသူများသည် **၆-၃-၂၀၂၀ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိသူဖြစ်ပါက ပြင်ပပုဂ္ဂိုလ် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊**

(စ) မြန်မာ့စီးပွားရေးဘဏ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့အတွက် လျှောက်ထားသူများသည် **၆-၃-၂၀၂၀ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်၊**

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ နေရာဒေသမရွေး ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီ လျှောက်ထားနိုင်စေရန် ရည်ရွယ်ပြီး **Online Application System (OAS)**ကို စီမံဆောင်ရွက်ထားပါသဖြင့် လျှောက်လွှာတင်သွင်းလိုသူများအနေဖြင့် အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) လျှောက်ထားသူသည် အွန်လိုင်းလျှောက်လွှာ**(Online Application form)**တွင် ဖြည့်သွင်းရန်အတွက် ချိတ်ဆက်ဝင်ရောက်ရမည့် လမ်းကြောင်း (oas.ucsb.gov.mm)သို့ ဝင်ရောက်ရပါမည်။ လျှောက်ထားမှုပြုလုပ်ရန်အတွက် ကိုယ်ပိုင် e-Mail ကို အသုံးပြု၍ စနစ်တွင် Account တစ်ခုတည်ဆောက်ရမည်ဖြစ်ပါသည်၊ **[မြန်မာယူနီကုဒ် (ပြည်ထောင်စုစာလုံး Pyidaungsu Font)တစ်မျိုးတည်းကိုသာ အသုံးပြုရပါမည်။]**

(ခ) ဖြည့်သွင်းရမည့် စာမျက်နှာသို့ ဝင်ရောက်ပြီးပါက လျှောက်ထားသူသည် မိမိလျှောက်ထားလိုသည့် လစ်လပ်ရာထူး(တစ်မျိုး/နှစ်မျိုး)၊ ဖြေဆိုလိုသည့် စာစစ်ဌာနနှင့် ကိုယ်ရေးအချက်အလက်တို့ကို မှန်ကန်စွာ ဖြည့်သွင်းပြီး ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ (ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့် ချလန်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း)တို့ကို Scan ဖတ်၍ Attach ပြုလုပ်ပြီး **Online Application System (OAS)** မှတစ်ဆင့် ပေးပို့ရမည်၊

(ဂ) လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သည့် စာရွက်စာတမ်းများ ပြည့်စုံပါက လျှောက်လွှာ လက်ခံရရှိကြောင်း လျှောက်ထားသူ၏ e-Mail သို့ အကြောင်းပြန်ကြားပေးပါမည်။

၄။ Online Application System (OAS) ကို အသုံးပြု၍ **လျှောက်လွှာတင်သွင်းရန်အတွက် အခက်အခဲရှိသူများအနေဖြင့်** ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်(သို့မဟုတ်)တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ **၆-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထားပြီး** လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။**

၅။ ရေးဖြေစာမေးပွဲ(၁)ကြိမ်လျှင် ကြော်ငြာပါဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး ၂ မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး လျှောက်လွှာပေါ်တွင် ပထမဦးစားပေးနှင့် ဒုတိယဦးစားပေးဟု ဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၆။ **ရာထူးတစ်မျိုးထက်ပို၍လျှောက်ထားသူသည်ရာထူးတစ်မျိုးစီအတွက်ဝင်ကြေးငွေ ၅၀၀၀ိ/-(ကျပ်ငါးထောင်)ကို သီးခြားစီပေးသွင်း၍** ရာထူးအလိုက်လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်ဖြစ်ပြီး **Online Application System (OAS)** အသုံးပြု၍ **လျှောက်ထားသူများအနေဖြင့် ရာထူး(၂)မျိုးလျှောက်ထားပါက လျှောက်ထားသူသည် ဌာန(၂)ခုကို ရွေးချယ်၍ ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်) ပေးသွင်းထားသည့် ချလန်(၂)စောင်ဖြင့်** အွန်လိုင်းလျှောက်လွှာ **(Online Application form)**တွင် **ပူးတွဲ** ဖော်ပြရမည်ဖြစ်ပါသည်။

၇။ အွန်လိုင်းလျှောက်လွှာ**(Online Application form)**သို့ **လျှောက်ထားနည်းနှင့် လျှောက်လွှာဝယ်ယူ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင်** ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၁၄၃/ ရွေးချယ်ရေး(အမိက) ၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၈။ အဆိုပါကြော်ငြာစာအမှတ်၊ ၁/၂၀၂၀ အတွက် **Online Application System (OAS)** စနစ်သို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm၊ www.ucsb.gov.mm၊ Facebook Page ဖြစ်သော Union Civil Service Board Myanmar နှင့် Myanmar National Web Portal ဖြစ်သော https://www.myanmar.gov.mm တို့တွင်လည်း** ဖော်ပြပေးထားပါသည်။

၉။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်၍စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသော (ချလန်ရက်ကျော်) လျှောက်လွှာများ၊ ဝန်ကြီးဌာန ခွင့်ပြုစာ မပါရှိသည့် လက်ရှိနိုင်ငံ့ဝန်ထမ်းများ၏ လျှောက်လွှာများ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ မပါရှိသည့် ပြင်ပပုဂ္ဂိုလ်များ၏ လျှောက်လွှာများ၊ စာစစ်ဌာနမပါရှိသည့် လျှောက်လွှာများ၊ အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်း မရှိသော လျှောက်လွှာများနှင့် Online Application System(OAS)ဖြင့် လျှောက်ထားသူများအတွက် Onlineမှ လျှောက်လွှာ လက်ခံရရှိကြောင်း e-Mailပြန်ကြားထားခြင်း မရှိသူများအား ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၁၀။ **လက်ရှိနိုင်ငံ့ဝန်ထမ်းများသည်** စာမေးပွဲဖြေဆိုခွင့်ရရှိနိုင်ရန်အတွက် **oas.ucsb.gov.mm** မှတစ်ဆင့် အချက်အလက်များ **ပြည့်စုံစွာဖြည့်သွင်းထားသည့်** အွန်လိုင်းလျှောက်လွှာ**(Online Application form)** အား **(Download)** ရယူခြင်း (သို့မဟုတ်) Online Application System (OAS) ကို အသုံးပြု၍ **လျှောက်လွှာတင်သွင်းရန်အတွက် အခက်အခဲရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်** လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ **ခွင့်ပြုစာကို လျှောက်လွှာပိတ်ပြီး ရက်သတ္တ(၂)ပတ်အတွင်း နောက်ဆုံးထား၍** ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်။ **ရာထူး(၂)မျိုး လျှောက်ထားပါက ရာထူး(၂)မျိုးလုံးအတွက် ဝန်ကြီးဌာန၏ ခွင့်ပြုစာကို ပေးပို့ရမည်ဖြစ်ပါသည်။** ကြိုတင်လျှောက်လွှာတစ်စောင်ကို **ဓာတ်ပုံအပို (၃)ပုံ**နှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ **၆-၃-၂၀၂၀** ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

၁၁။ **Online Application System (OAS) ကို အသုံးပြု၍ လျှောက်ထားသူများသည် ပထမအဆင့်အနေဖြင့် ပဏာမစစ်ဆေးခြင်း (Screening Test) ဖြေဆိုအောင်မြင်ပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဝယ်ယူပြီး ဒုတိယအဆင့်အနေဖြင့် ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် ပြည့်စုံစွာ ဖြည့်စွက်ထားသော လျှောက်လွှာပုံစံနှင့်အတူ သတ်မှတ်စာရွက်စာတမ်း မိတ္တူများ ပူးတွဲလျက် ပြန်လည်တင်ပြရမည်ဖြစ်ပါသည်။**

၁၂။ ပဏာမစစ်ဆေးခြင်း (Screening Test) နှင့် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းတို့ကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့တွင် စာစစ်ဌာန (၅)ခုဖြင့် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည့်အတွက် စာစစ်ဌာန(၅)ခုအနက် မိမိတို့ ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ပဏာမစစ်ဆေးခြင်း (Screening Test)နှင့် ရေးဖြေစာမေးပွဲတို့ကို ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။**

၁၃။ **ပဏာမစစ်ဆေးခြင်း (Screening Test)တွင် အင်္ဂလိပ်စာနှင့် သုတရေးရာဘာသာရပ်တို့ကို Multiple Choice Question Type စစ်ဆေးမည်ဖြစ်ပြီး ၂၇-၆-၂၀၂၀ ရက် (စနေနေ့)တွင်** အင်္ဂလိပ်စာ ဘာသာရပ်ကို နံနက် ၀၉:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ဖြေဆိုရမည်ဖြစ်၍ **ပဏာမစစ်ဆေးခြင်း ဖြေဆိုပုံနည်းစနစ်ကို ရှင်းလင်းတင်ပြရန်ရှိပါသဖြင့် ဖြေဆိုသူများသည် နံနက် ၀၈:၃၀ နာရီတွင် စာမေးပွဲခန်းအတွင်း၌ နေရာယူပြီး ဖြစ်ရမည်** ဖြစ်ပါသည်။ သုတရေးရာဘာသာရပ်ကို နံနက် ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ဖြေဆိုရမည်ဖြစ်၍ **ဖြေဆိုသူများအနေဖြင့် ၁၀:၄၅ နာရီမှစတင်၍ စာမေးပွဲခန်းအတွင်း၌ ပြန်လည်နေရာယူပြီး ဖြစ်ရမည်ဖြစ်ပါသည်။**

၁၄။ **ပဏာမစစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းများကို ၁၉-၆-၂၀၂၀ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Facebook နှင့် Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၅-၆-၂၀၂၀ နှင့် ၂၆-၆-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည် ဖြစ်ပါသည်။**

၁၅။ **ပဏာမစစ်ဆေးခြင်း အောင်မြင်သူများစာရင်းကို ဖြေဆိုပြီး ရက်သတ္တ(၂)ပတ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Facebook နှင့် Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကာ ပဏာမစစ်ဆေးခြင်း အောင်မြင်သူများကိုသာ ဒုတိယအဆင့် ဆောင်ရွက်မည့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။**

၁၆။ **ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများအတွက် သက်ဆိုင်ရာစာစစ်ဌာနအလိုက် ဖြေဆိုရမည့်ကျောင်း၊ စာဖြေခန်းတို့ကို ခုံအမှတ်စာရင်းများယှဉ်တွဲပြီး ၁၇-၇-၂၀၂၀ ရက်နေ့မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Facebook နှင့် Myanmar National Web Portal တို့တွင် ကြေညာ ပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၃-၇-၂၀၂၀ နှင့် ၂၄-၇-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ထုတ်ပေးမည်ဖြစ်ပါသည်။**

၁၇။ ရေးဖြေစာမေးပွဲကို ၂၅-၇-၂၀၂၀ ရက် (စနေနေ့)တွင် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ မြန်မာစာနှင့် ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာတို့ကိုလည်းကောင်း၊ ၂၆-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ သုတရေးရာဘာသာကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၀၇၀၆၆၀၄/၀၉-၄၂၀၇၀၆၆၀၅ နှင့် ၀၉-၄၂၀၇၀၆၆၀၆) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၉။ ကြော်ငြာပါရာထူးတွင် **တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များရှိသည့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**အတွက် ဦးအောင်မြိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၆၀၄၅)သို့ လည်းကောင်း၊ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**အတွက် ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန၊ ရုံးအမှတ်(၅၄)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၃၀၄၂၀)သို့လည်းကောင်း၊ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးဦးစီးဌာန**အတွက် ရုံးအမှတ်(၅)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၁၁၄၄၆၊ ၃၄၁၁၀၃၂)သို့ လည်းကောင်း၊ **အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**အတွက် စီမံခန့်ခွဲရေးဌာနခွဲ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၃၀၄၃၈၊၃၄၃၀၄၉၅)သို့လည်းကောင်း၊လူကိုယ်တိုင်ဖြစ်စေ၊တယ်လီဖုန်းဖြင့်ဖြစ်စေ၊ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်မြို့နယ်၊ ပိသလိန်း (ကုန်း) ကျေးရွာနေ ဦးညီလေးကြီး၏သား မောင်စိန်မောင်မြင့်နှင့် မောင်တင့်နိုင်ဝင်း ၈/သရန(နိုင်)၀၈၆၈၁၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ အမကကျရီကျောင်း၊ စတုတ္ထတန်းမှ မဆိုင်းနူးအိန်နှင့် KGတန်းမှ မဆွတ်ဆိုင်းမိုင်၏ ဖခင်အမည်မှန်မှာ ဦးလောရင့်ထွယ်လာ ဖြစ်ပါသည်။

**ဦးလောရင့်ထွယ်လာ**

### ဖခင်အမည်မှန်

မြဝတီမြို့၊ သဃ်န်းညီနောင်ကျေးရွာ၊ အထက(7-B)မှ မအေးမြတ်ထွေး၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ဖြစ်ပါကြောင်း။ **ဦးကြည်စိုး**

### ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက-ခွဲ(အခြေပြင်)၊ နဝမတန်း(က)မှ မောင်အောင်ဆန်းဦး ကျောင်းဝင်အမှတ်(မ-၃၁၈)၏ ဖခင်အမည်မှန်မှာ ဦးသန်းကျော်ဌေး ဖြစ်ပါကြောင်း။ **ဦးသန်းကျော်ဌေး**

### ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက-ခွဲ(အခြေပြင်)၊ နဝမတန်း(ခ)မှ မခွေးခွေးဦး ကျောင်းဝင်အမှတ်(မ-၃၇၅)၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်းအောင် ဖြစ်ပါကြောင်း။

**ဦးညိုဝင်းအောင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/3580 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/7998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/9240 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၅၁၆၇ Honda Click 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျာမြင့် ၁၀/သဖရ(နိုင်)၀၉၃၃၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၇၇၆၈၀ Honda Wave 100 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွဋ်ဦး ၁၀/ခဆန(နိုင်)၀၇၅၉၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၉၆၃၂၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၉/တကန(နိုင်)၀၉၉၅၀၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(နေပြည်တော်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၀၅၇ Honda Wave 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတင်ရွှေ ၁၀/မဒန(နိုင်)၀၉၅၀၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၁)၊နယ်မြေ(၇)၊ အကွက်အမှတ်(၈/မြို့ဝမ်)၊ ဦးပိုင်(၁၃)၊ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၄၀၁-၅/၉၆-၉၇(အေ)ဖြင့် ဒေါ်နန်းကြာယုံ အမည်ပေါက်မြေဖြစ်ပြီး ၂၇-၄-၂၀၀၀ ပြည့်နှစ် ရက်စွဲပါ အရောင်းအဝယ် စာချုပ်အမှတ်(၃၄၈/၂၀၀၀)ဖြင့် ဒေါ်ခင်မိုးကြည် ၁၃/လရန(နိုင်)၀၉၅၂၀၅ သို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက် ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၅)၊နယ်မြေ(၁၇)၊အကွက်အမှတ်(အ.လ.က-၁ ကျောင်းကွက်)၊ ဦးပိုင်(၁၄၆၀)၊ဧရိယာ ၀ ဒသမ ၀၆၈ ဧကအား ဒေါ်ယိန်းနမ် AW-၀၄၀၃၀၈ မှ ရပ်ကွက်(၅)မီးလောင်ပြင် မြေနေရာချထားရေးအဖွဲ့၏ ၁၀-၁-၁၉၈၉ ရက်စွဲပါ မြေပေးမိန့်ဖြင့်ရရှိထားပြီး ဒေါ်ယိန်းနမ်ကွယ်လွန်သွားပြီးနောက် ၎င်း၏သမီးများဖြစ်သည့် ဒေါ်ဘောက်နိမ်နှင့် ဒေါ်ထုလွမ်တို့မှ ဒေါ်နန်းစိန် ၁၃/လရန(နိုင်)၀၀၀၁၈၇ သို့လည်းကောင်း၊ ဒေါ်နန်းစိန်မှ ဦးကျောင်ကျားလျံ ၁၃/လရန(နိုင်)၁၃၂၅၉၇ သို့ ရောင်းချထားပြီးဖြစ်သဖြင့် ဦးကျောင်ကျားလျံအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၃၀ အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5693 NISSAN CONDOR TRUCK(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၂/တကန(နိုင်)၁၄၃၅၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ၊(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၅၈၃၃ Honda Wave 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၃၇၁ Honda Wave 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၁၀/သဖရ(နိုင်)၁၀၃၈၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/2925 Daihatsu Hijet S201P P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ထွန်းအောင် ၅/စကန(နိုင်)၂၂၈၂၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/6475 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1451 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/2024 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအသီးသီးမှ ကျန်းမာရေးဌာနများတွင် လက်ထောက်ကျန်းမာရေးမှူး(ကျန်းမာရေးမှူး-၂) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၃၀၀)ဦး ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ B.Comm.H ဘွဲ့ ရရှိပြီးသူဖြစ်ရမည်၊
- (ဂ) လျှောက်လွှာပိတ်သည့် ၂၈-၂-၂၀၂၀ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
- (ဃ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူမှန်၊
- (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်၊
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်/အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း၊
- (ဃ) စိတ်ရောဂါ၊ မူးယစ်စေသောအရက်စွဲ၊ ဆေးစွဲလက္ခဏာမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာမူရင်း၊
- (င) (၃)လအတွင်းရိုက်ထားသော ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ၊
- (စ) အလုပ်သမားမှတ်ပုံတင်မူရင်း၊
- (ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်၊

၄။ လျှောက်ထားသူသည် ပူးတွဲပါလျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ဒုတိယညွှန်ကြားရေးမှူး (အခြေခံကျန်းမာ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၈-၂-၂၀၂၀ ရက် နောက်ဆုံးထား လျှောက်ထားရမည်။

၅။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့် ပြည့်စုံသည့် လျှောက်ထားသူများကို လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၆။ လူတွေ့စစ်ဆေးခြင်းကို ၁၄-၃-၂၀၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းများ တင်ပြနိုင်ရမည်။

၇။ ရွေးချယ်ခံရပါက လက်ထောက်ကျန်းမာရေးမှူးအဖြစ် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၃)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေကျပ်(၄)သိန်း ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၈။ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ သိရှိလိုသည့် အချက်အလက်များရှိပါက အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၃၁၁၄၃၊၀၆၇၃-၄၃၁၁၄၁)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ဓာတ်ပုံ

### လက်ထောက်ကျန်းမာရေးမှူး (ကျန်းမာရေးမှူး - ၂)
### ရာထူး လျှောက်လွှာပုံစံ

အမည် - -------------------------
နိုင်ငံသားမှတ်ပုံတင်အမှတ် - -------------------------
မွေးသက္ကရာဇ်(ရက်/လ/နှစ်) - -------------------------
အဖအမည် - -------------------------
အမိအမည် - -------------------------
အိမ်ထောင်ရှိ/မရှိ - -------------------------
ဇနီး/ခင်ပွန်းအမည် - -------------------------
ဇနီး/ခင်ပွန်းအလုပ်အကိုင် - -------------------------
နေရပ်လိပ်စာ အပြည့်အစုံ - -------------------------
(အမြဲတမ်းနေရပ်လိပ်စာ) - -------------------------
-------------------------
အခြေခံကျန်းမာရေးသိပ္ပံဘွဲ့ (B.Comm.H) ရရှိသည့် ခုနှစ်၊ လ၊ ရက် - -------------------------
အောင်မြင်သည့် ခုံအမှတ် - -------------------------
ဦးစားပေးလျှောက်ထားသည့် နေရာ - (၁) -------------------------
- (၂) -------------------------
- (၃)-------------------------

အထက်ဖော်ပြပါ အဆိုပြုနေရာများသို့ မရရှိပါက မည်သည့်နေရာဒေသမဆို သွားရောက် တာဝန်ထမ်းဆောင်မည်/ မထမ်းဆောင်နိုင်ပါ။
ထမ်းဆောင်ပါမည်။ (       )          မထမ်းဆောင်နိုင်ပါ။ (       )

လက်မှတ် -------------------------
အမည် -------------------------
ဖုန်းနံပါတ် -------------------------

ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (       )ရက်

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သည့် ဖြူတိန်းရေနံဓာတ်ငွေ့ရည် ၃၀၀တန်(တန်သုံးရာတိတိ)ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံ ဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ)သို့မဟုတ် လိုင်စင်(စ)လက်ဝယ်ရှိသူများ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ - ၁၁-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)၁၂:၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။

၃။ တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန် - ၁၁-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)(၁၄:၀၀)နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများအား တစ်လကြိုတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန-ဖုန်း-၀၆၇-၃၄၁၁၁၉၄သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ | ၂,၅၀၀ | ၁၀-၃-၂၀၂၀ | ၁၄:၀၀ | ၁၀-၃-၂၀၂၀ | ၁၂:၀၀ |
| စက်ရုံ(မြောင်းတကာ) | ၂,၅၀၀ | ၁၇-၃-၂၀၂၀ | ၁၄:၀၀ | ၁၇-၃-၂၀၂၀ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ | ၂,၅၀၀ | ၁၀-၃-၂၀၂၀ | ၁၄:၀၀ | ၁၀-၃-၂၀၂၀ | ၁၂:၀၀ |
| စက်ရုံ(ကန်ကြီးထောင့်) | ၂,၅၀၀ | ၁၇-၃-၂၀၂၀ | ၁၄:၀၀ | ၁၇-၃-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား(၁)လ ကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံး ချိန်အတွင်းဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်အတွက် ဒီဇယ်ဆီ(၄၈၀၀၀)ဂါလန်၊ ရန်ကုန်အတွက် ဒီဇယ်ဆီ(၇၈၀၀)ဂါလန် စုစုပေါင်းဒီဇယ်ဆီ(၅၅၈၀၀)ဂါလန်နှင့်နေပြည်တော်အတွက် ဓာတ်ဆီ(အောက်တိန်း) (၁၈၀၀၀)ဂါလန်နှင့်ပရီမီယံ(ဒီဇယ်သန့်)(၉၆၀၀)ဂါလန်တို့ကို တင်ဒါအမှတ်-46(T)/MOEE/19-20မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၀-၃-၂၀၂၀ရက်(၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ဒီဇယ်ဆီနှင့်ဘိလပ်မြေအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး(သာမန်) ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံ၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းစသည့်လုပ်ငန်းများအတွက် ထပ်မံလိုအပ်သော ဘိလပ်မြေတန်(၅၄၀၀)ခန့်နှင့် ဒီဇယ်ဆီ(၁၀၁၀၀၀)ဂါလန်ခန့်အား ၁၀-၂-၂၀၂၀ ရက်မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၇၃လမ်းနှင့်သဇင်လမ်းထောင့်၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ၁၀-၂-၂၀၂၀ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၂-၂၈၄၈၆၅၄၊ ၀၂-၂၈၄၈၆၅၅ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။
